မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုနိုင်ငံသို့ ထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမေရိကန်ပြည်ထောင်စုနိုင်ငံ၌ ကျင်းပမည့် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁ နာရီတွင် အမေရိကန်ပြည်ထောင်စုနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမေရိကန်ပြည်ထောင်စုနိုင်ငံ၌ ကျင်းပမည့် (၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် အမေရိကန်ပြည်ထောင်စုနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၉ခုနှစ် စက်တင်ဘာ ၂၇ ရက်)

ရှေးဟောင်းသမိုင်းအထောက်အထားများ ကြိုးပမ်းရှာဖွေဖော်ထုတ်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ''ရှေးဟောင်းသမိုင်းအထောက်အထား''သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ စက်တင်ဘာလ ၂၅ရက်နေ့က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲများ ကျင်းပရခြင်းရည်ရွယ်ချက်မှာ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းပြုစုရေးဆိုသည့် ရည်မှန်းချက်မှာ အဓိက ဖြစ်သည်။ တိမ်မြုပ်ပျောက်ကွယ်နေသော သမိုင်းအချက်အလက် အထောက်အထားများအား ရှာဖွေဖော်ထုတ်ခြင်းသည် အဓိကအခြေခံကျသည့် လုပ်ငန်းစဉ်ပင် ဖြစ်သည်။

၁၉၅၀ပြည့်နှစ်ခန့်မှစ၍ ရှေးဟောင်းသုတေသနပညာရှင်များသည် တူးဖော်ရရှိခဲ့သည့် နေရာဒေသများကိုအခြေခံ၍ သမိုင်းအချက်အလက်များကို ပိုမိုပြည့်စုံစေရန် သုတေသနပြုခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဤသို့ဆောင်ရွက်ရာတွင် ပျူမြို့ဟောင်းတစ်ခုဖြစ်သည့် ဟန်လင်းမြို့ဟောင်းသည် ကျောက်ခေတ်နှောင်း ပျူယဉ်ကျေးမှု ထွန်းကားသည့် ကာလအထိ လူသားတို့ စဉ်ဆက်မပြတ် နေထိုင်ရပ်တည်ခဲ့သည့် အထောက်အထားများကို စတင်ရှာဖွေ ဖော်ထုတ်နိုင်ခဲ့သည်။

တူးဖော်ရရှိသော လုပ်ငန်းတစ်ရပ်က တွေ့ရှိချက်တစ်ရပ်အဖြစ် သာမန်ဟုထင်ရသော်လည်း မြန်မာအစ မြန်မာကဆိုသည့်အဆိုကို ခိုင်မာစေရန် အတွက် တွေ့ရှိသော အထောက်အထားအဖြစ် နိုင်ငံနှင့်လူမျိုး၏ သမိုင်းအတွက် အားတက်ဖွယ်ရာ အချက်ပင်ဖြစ်သည်။

အခြားသော ပျူယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းဒေသများတွင်လည်း ယင်းကဲ့သို့ခေတ်များ၏ ဆက်စပ်မှုများကို ဖော်ထုတ်နိုင်မည်ဆိုပါက မြန်မာ့သမိုင်းအတွက် ခိုင်မာတိကျသော ကွင်းဆက်များအဖြစ် မှတ်တမ်းတင်နိုင်မည် ဖြစ်သည်။

''ရှေးဟောင်းသမိုင်းအထောက်အထား''သုတေသနစာတမ်းဖတ်ပွဲများကို ၂၀၀၈ခုနှစ် ဇွန်လမှစ၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပခဲ့ရာ ယခု စာတမ်းဖတ်ပွဲသည် (၁၁)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ကျင်းပပြီး ပညာရှင်များ၊ သုတေသီများ၏ ဆွေးနွေးအကြံပြုချက်များသည် မြန်မာ့သမိုင်းအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ လူသားတို့၏ စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ခေတ်သမိုင်းအဆက်ဆက် ဆက်စပ်ဖော်ထုတ်နိုင်ပြီး မြန်မာ့သမိုင်းကွင်းဆက်များကိုလည်း မှတ်တမ်းတင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ဘဝိုင်းကျေးရွာရှိ ဦးစိန်ဝင်း၏လယ်မြေ၌ လယ်တောတွင်း ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ရက်ကကျင်းပရာ ဆွေးနွေးပွဲသို့ ဧရာဝတီတိုင်း စိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်း၊ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့၊ ကျေးရွာအုပ်စု ၁၀အုပ်စုမှ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူ ၁၀၅ဦးတို့တက်ရောက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးမြဦးက အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ် ထွေ/အုပ်)

မြဝတီရုပ်မြင်သံကြား

၂၇-၉-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ကျွန်တော်နှင့်ဘဲရုပ်ဆိုး** (အပိုင်း-၁၀)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကံကောင်းခြင်းလေးများ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၂၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၁၅ ၄။ (၄၅)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **မပြောပေမယ့်ကြားနေရတယ်** (အပိုင်း-၁)
၅:၀၅ ၅။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၇။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၈။ လှျပ်တစ်ပြက်
၆:၃၀ ၉။ ဘဝကြေးမုံ **အလှဆင်ပေးသူ** ရန်နိုင်၊ခိုင်ပွင့်၊မိုးထက်ပိုင် [ဒါရိုက်တာ-မေတင်(MMG)]
၆:၄၅ ၁၀။ ဂင်းနက်စ်စံချိန်တင်ပြိုင်ပွဲများ
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၉၃)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ပဟေဠိနန်းတော်
၁၇။ ကျန်းမာသုတ
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာ အနုပညာ** (အပိုင်း-၃၆)
၂၀။ (၄၅)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **မပြောပေမယ့် ကြားနေရတယ်** (အပိုင်း-၂) (ဇာတ်သိမ်း)

လျှပ်စစ်(၂)ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဘဏ္ဍာရေး အရာထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၂ရက်နှင့် ၂၃ရက်တို့က နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဘဏ္ဍာရေးအရာထမ်းများနှင့်တွေ့ဆုံရာ အခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်များမှ ဘဏ္ဍာရေးတာဝန်ခံ အရာထမ်း ၂၄ဦးတို့ တက်ရောက်ကြသည်။

အသုံးစရိတ်များ

တွေ့ဆုံပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဝန်ကြီးဌာနတိုးတက်ရေး၊ နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိရေး၊ အသုံးစရိတ်များ ခြိုးခြံချွေတာ၍ စိစိစစ်စစ်သုံးစွဲရေး၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီသုံးစွဲရေး စသည်တို့ကို ရှင်းလင်းမှာကြားသည်။

ဓာတ်အားခကြွေးကျန်

ထို့နောက် ပြည်နယ်၊ တိုင်းနှင့်ခရိုင်တို့မှ ဘဏ္ဍာရေးတာဝန်ခံများက ပြည်နယ်၊ တိုင်း၊ ခရိုင်အလိုက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များဖြစ်သော ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဓာတ်အားသုံးစွဲသူဦးရေ၊ ရောင်းချယူနစ်လျာထားချက်နှင့် အကောင်အထည်ဖော်နိုင်မှု၊ တောင်းခံငွေလျာထားချက်နှင့် အကောင်အထည်ဖော်နိုင်မှု၊ နိုင်ငံခြားငွေဖြင့် ရောင်းချယူနစ်တောင်းခံငွေ၊ လျော်ကြေးတောင်းခံရရှိမှုနှင့် ဓာတ်အားခကြွေးကျန်တို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်သော ရွှေနတ်ကူလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၁ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်သီတာစိုး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၃၇)

စာအုပ်စာပေ လူ့မိတ်ဆွေ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဥတ္တရာဝတ္ထု** တရားတော် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၈)
၈:၃၀ Sports World (Sunday Special)
၈:၅၅ Activities in the City [တတိယအကြိမ်မြောက် (၁၆)လမ်း မိသားစု ဆွမ်းလောင်းလှူပွဲ]
၉:၀၀ အနွေးထွေးဆုံး လက်တစ်စုံ
၉:၁၅ အိုမင်းမှု၊ ရောဂါများနှင့် Antioxidant
၉:၄၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၄၅ သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင်အထွက်နှုန်း
၁၀:၅၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဒေါ်ရှယ်လီထွား)
၁၁:၃၀ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)
၁၂:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၆) (ကြည်ကြည်ဝင်း၏တေးများ)
၁၂:၃၅ ကျောက်ဆစ်ထွင်းထု ပုံဖော်ပြု အနုမြတ်ပညာ
၁:၀၀ **ဥတ္တရာဝတ္ထု** တရားတော် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အားကစားလုပ်တာကောင်းတယ်၊ အားကစားမလုပ်တာကောင်းတယ်)
၃:၄၅ သဘာဝကပေးသောလက်ဆောင်များ
၃:၅၀ ပွဲလယ်တင့်တယ် ခံ့ညားတယ်
၄:၁၀ အိုမင်းမှု၊ ရောဂါများနှင့် Antioxidant
၄:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Premier သီချင်းဆိုပြိုင်ပွဲနှင့် Miss ရွေးချယ်ပွဲ)
၅:၀၅ အနွေးထွေးဆုံး လက်တစ်စုံ
၅:၂၀ Activities in the City [တတိယအကြိမ်မြောက် (၁၆)လမ်း မိသားစု ဆွမ်းလောင်းလှူပွဲ]
၅:၃၀ VJ Choice
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဗီဒီယိုပြခန်း
၆:၄၀ ဈေးဝယ်လမ်းညွှန် (သီတင်းကျွတ်အထူးအစီအစဉ် မြောက်ဥက္ကလာပ Orange)
၇:၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဒေါ်ရှယ်လီထွား)
၇:၃၅ Sports World (Sunday Special)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အားကစားလုပ်တာကောင်းတယ်၊ အားကစားမလုပ်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၈)
၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၆) (ကြည်ကြည်ဝင်း၏တေးများ)
၁၀:၂၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၂:၀၅ ပန်းချီအောင်ကျော်ထွန်းနှင့် သူ၏ဒဿဂီရိ
၁၂:၂၅ JICA Myanmar ၏ မေတ္တာ ကွန်ရက်များဆီသို့... (အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာစီမံကိန်း) (မြက်ခါးတောကျေးရွာ)
၁၂:၄၅ VJ Choice
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Sunderland - Wolverhampton	ESPN (Live)

အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက် ဆုများချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် မြေပုံမြို့နယ် အမ်း-စစ်တွေ ကားလမ်း လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ချောင်းကြီးကျေးရွာ၌ မြေသြဇာ စုပေါင်းကြဲပက်နေမှုနှင့် သဘာဝမြေသြဇာ ဖော်စပ်ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အမ်း-စစ်တွေကားလမ်း၌ ရော်ဘာစိုက်ပျိုးထားရှိမှုနှင့် ရော်ဘာပျိုးထောင်ထားမှု အခြေအနေများ၊ ခွဆုံကျေးရွာ၌ ရော်ဘာပျိုးပင်ပေါက်များ ပျိုးထောင်ထားရှိမှု အခြေအနေများနှင့် ကျောက်တော်မြို့နယ် သရက်တပင်ကျေးရွာ၌ တိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆုများချီးမြှင့်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့နယ်ခန်းမ၌ကျင်းပရာ တိုင်းမှူးတက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ရှိသူတို့နှင့်အတူ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာအာနိသင်

(အမှတ်စဉ်-၁)

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက်လည်းကောင်း၊ အလိုမရှိသူတို့အတွက်လည်းကောင်း ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာ မှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇။)

ပြည်နယ်နှင့် တိုင်းများအတွင်း အရှည်ဆုံးနှင့် အကြီးဆုံးတံတားဖြစ်လာမည့်

ရထားလမ်းနှင့် ကားလမ်းပါ ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် လက်ပံချေပေါ်ကျေးရွာအနီးရှိ ရထားနှင့်ကားလမ်း နှစ်လမ်းပါဝင်တည်ဆောက်မည့် ဧရာဝတီတံတား(ပခုက္ကူ) လျာထားတံတားလမ်းအူကြောင်း အခြေအနေကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

အလေးထား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့အား တာဝန်ရှိသူများက ဧရာဝတီမြစ်ကျော်တံတား(ပခုက္ကူ) တည်ဆောက်မည့် လျာထားတံတား လမ်းအူကြောင်းနေရာ လေးနေရာအနက်မှ အကောင်းဆုံးနေရာဖြစ်သော ညောင်ဦးမြို့နယ် လက်ပံချေပေါ်ကျေးရွာနှင့် တစ်ဖက်ကမ်းရှိ ပခုက္ကူမြို့သို့ တိုက်ရိုက်ဆက်သွယ်သည့် တံတားအူကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညောင်ဦးမြို့နယ် လက်ပံချေပေါ် မြစ်ကမ်းပါး၏ မြေသားတည်ငြိမ်မှု၊ ရေလယ်ကျွန်း၏ မြေသားတည်ငြိမ်မှု၊ ပခုက္ကူဘက်ကမ်းပါး၏ မြေသားတည်ငြိမ်မှုနှင့် ပခုက္ကူဘက်ကမ်းအနီးရှိ ပေါက်အင်းအတွင်း ရေဝင်ရောက်မှုအား ရေတံခါးဖြင့် ထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက တံတားအူကြောင်း သတ်မှတ်နေရာ ရွေးချယ်မှုသည် အဓိကဖြစ်သည့်အတွက် ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်း၍ အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတစ်လျှောက် တံတားလျာထားနေရာများကို အသေးစိတ် လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ညောင်ဦးမြို့နယ် လက်ပံချေပေါ်ဘက်ကမ်းပါး၏ မြေသားတည်ငြိမ်မှုနှင့် ရေလမ်းကြောင်းအခြေအနေ၊ လက်ပံချေပေါ်ဘက်ကမ်းနှင့် ပခုက္ကူဘက်ကမ်း အကြားရှိ မြစ်အတွင်းတည်ရှိပြီး တံတားဖြတ်ကျော် တည်ဆောက်ရမည့် ရေလယ်ကျွန်း အခြေအနေ၊ ပခုက္ကူဘက်ကမ်းရှိ တံတားတည်ဆောက်ရန် လျာထားသည့် နေရာနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မော်တော်ယာဉ်ဖြင့် ပခုက္ကူဘက်ကမ်းအနီးရှိ ပေါက်အင်းတစ်လျှောက် ရထားလမ်းနှင့်ကားလမ်းအတွက် ချဉ်းကပ်လမ်းကြောင်း မြေနေရာများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဧရာဝတီတံတား(ပခုက္ကူ)

အဆိုပါ တည်ဆောက်မည့် ဧရာဝတီတံတား(ပခုက္ကူ)သည် ရထားလမ်းနှင့် ကားလမ်း နှစ်လမ်းပါဝင်သော တံတားအမျိုးအစားဖြစ်ပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ညောင်ဦးမြို့နယ် လက်ပံချေပေါ်ကျေးရွာအနီးမှ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ပခုက္ကူမြို့သို့ ဆက်သွယ်တည်ဆောက်မည့် တံတားဖြစ်ကြောင်း၊ ပင်မတံတား၏အရှည်မှာ နှစ်မိုင်ကျော်ရှိမည်ဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးပါက ပြည်နယ်နှင့် တိုင်းများအတွင်းရှိ တည်ဆောက်ပြီးတံတားများအနက် အရှည်ဆုံးနှင့် အကြီးဆုံးတံတား တစ်စင်းအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဗိသုကာအသင်းက စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (၀၆/၂၀၀၉)ကို စက်တင်ဘာ ၁၉ရက်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) တတိယထပ် Function Hall၌ ကျင်းပရာ ASEAN Architect Council Logo ပြိုင်ပွဲတွင် ပထမဆုရ သန်လျင်နည်းပညာတက္ကသိုလ် နောက်ဆုံးနှစ်ဗိသုကာကျောင်းသား ကိုအောင်ကောင်းကို မြန်မာနိုင်ငံဗိသုကာအသင်းဥက္ကဋ္ဌ ဦးသန်းတင်အောင်က ဆုချီးမြှင့်စဉ်။ (ဗိသုကာအသင်း)

မာန်အောင်မြို့နယ်အသင်း စုပေါင်းအလှူ

ရန်ကုန် စက်တင်ဘာ ၂၆

မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် စုပေါင်းအလှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ်မဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ စေတနာရှင်များ၊ မြို့နယ်သူ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြပါရန် နိုးဆော်ထားသည်။ အသက် (၇၅)နှစ်နှင့်အထက် ဘိုးဘွားများ၊ အမည်စာရင်းများကို ဥက္ကဋ္ဌဦးစိုးတင် ဖုန်း-၅၄၅၂၉၃၊ ဒုတိယဥက္ကဋ္ဌ ဦးထွေးဖြူ ဖုန်း-၅၀၂၆၃၄၊ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့် ဖုန်း-၀၉- ၅၁-၉၁၃၉၄ နှင့် ဒေါ်သီသီအောင် ဘဏ္ဍာရေးမှူး ဖုန်း-၅၅၅၇၅၇ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၁၃၅)**

အခွန်ပညာပေးဆွေးနွေးပွဲ ရေးမြို့၌ကျင်းပ

ရေး စက်တင်ဘာ ၂၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရေးမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာန၏ စားသောက်ဆိုင်လုပ်ငန်းများမှ အခွန်အပြည့်အဝ ကောက်ခံရရှိရေးလုပ်ငန်း စီမံချက်ဆိုင်ရာ အခွန်ရှင်းလင်းပွဲကို ဩဂုတ် ၃၀ရက် မွန်းလွဲ ၁နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ပြန်လည်ရှင်းလင်း

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီးနောက် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးတင့်နှင့် ဒုတိယဦးစီးမှူး ဦးမျိုးမြတ်ထွန်းတို့က ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာကိစ္စရပ်များနှင့် စားသောက်ဆိုင်လုပ်ငန်းများမှ အခွန်အပြည့်အဝ ကောက်ခံရရှိရေးလုပ်ငန်း စီမံချက်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

စက်တင်ဘာလအတွက်

(၂၇-၉-၂၀၀၉)ရက်နေ့

အောက်တိုဘာလအတွက်

(၁၁-၁၀-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁၀-၂၀၀၉)ရက်နေ့

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃၇)ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၃၇)၌ ငါးထောင်ကျပ်တန် ငွေစက္ကူသစ် ထုတ်ဝေသုံးစွဲမည် လက်ရှိသုံးစွဲနေသော ငွေစက္ကူများလည်း တရားဝင် ဆက်လက်သုံးစွဲနိုင်၊ ရုပ်ရှင်ဝိဇ္ဇာဘွဲ့ပေးအပ်ချီးမြှင့်တော့မည်၊ ရန်ကုန်တိုင်းအတွင်း ခင်းပေးလျက်ရှိသော လမ်းများအတွက် ပြည်သူများထံမှ ငွေကြေးကောက်ခံမှု မပြုလုပ်ရန်ညွှန်ကြား၊ ခင်ပွန်းဖြစ်သူကို သတ်ခိုင်းသည့် ဇနီးနှင့်အပေါင်းအပါတစ်စု လူသတ်မှု ဖြင့်အဖမ်းခံရ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ ရိုးရာစလေ့ကို ဖော်ကျူးထားသည့် ဆရာသာဉာဏ်(ရန်ကင်း)ရေးသော ချင်းတောင်တန်းပေါ်မှ ရှေးခေတ်ရိုးရာ အိမ်လေးများ၊ Myanmar Discovery၊ ကူးတို့ သမ္မန်သမားကိုလတ်၏ ပညာမတတ် ပိုက်ဆံမရှိတဲ့ ယောကျ်ားတစ်ဦးအဖို့ အန္တရာယ်တွေနဲ့ရင်းပြီး ဘဝကို ရပ်တည်ရမှာပဲ' သူ့ဘဝ သူ့ဒဿန၊ ဈာန်မင်း၏ ဘတ်စ်ကားကိစ္စ အယ်ဒီတာ့ထံပေးစာ၊ စံမီစားအုန်းဆီ စားသုံးရန်သင့်သည်၊ ဖုန်းအသုံးပြုသောအခါ သတိပြုစရာ၊ မင်္ဂလာပွဲဆင်နွဲလိုလျှင်…ကဲ့သို့သော မှတ်စရာ ဖတ်စရာများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

မဆုံးသောအကျပ်အတည်း မဆုံးသောနိုင်ငံရေးကစားပွဲပေါ်က ထိုင်းနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအလားအလာ အထူးသတင်းဆောင်းပါးနှင့်အတူ ငွေကြေးအကျပ်အတည်းက ကျွန်တော်တို့ရဲ့နောက်မှာ အသင့်ရှိနေတယ် IMF အကြီးအကဲ ဒိုမီနစ် စထရာအပ်စ်ခန်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူး၊ ငွေကြေးအရှုံးပေါ်နေသော ဂျပန်လေကြောင်းကုမ္ပဏီ ဝန်ထမ်း ၆၈၀၀လျှော့ချဖွယ်ရှိ၊ လက်ဖက်ရည်က အိပ်မက်ဆိုးများကို တားဆီးပေး၊ စစ်သွေးကြွအကြမ်းဖက်ခေါင်းဆောင် နိုအော်ဒင် သေဆုံးသွားသော်လည်း အကြမ်းဖက်မှုများ ဆက်လက်ခြိမ်းခြောက်နေဖွယ်ရှိ၊ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိသည်။ **(သတင်းစဉ်)**

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ဈေးကလီးယားလက်နက်မဲ့ ကမ္ဘာကြီးဖြစ်ရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်

ဂျီနီဗာ စက်တင်ဘာ ၂၆

လူသားတိုင်းအတွက် ပိုမိုလုံခြုံစိတ်ချရသော ကမ္ဘာကြီးဖြစ်ရေး၊ နျူကလီးယားလက်နက်ကင်းမဲ့သော ကမ္ဘာအတွက် အခြေအနေများ ဖန်တီးရေး ကြိုးပမ်းသည့်အနေဖြင့် နျူကလီးယားလက်နက်များ ပြန့်ပွားမှုရပ်ဆိုင်းရေး ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက စက်တင်ဘာ ၂၄ရက်တွင် တညီတညွတ်တည်း အတည်ပြုလိုက်သည်။

နျူကလီးယားလက်နက်များ ပြန့်ပွားမှု ရပ်ဆိုင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခြင်းမှာ နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (အင်န်ပီတီ)၏ ရည်မှန်းချက်များနှင့်အညီ ဆုံးဖြတ်ခြင်းဖြစ်သည်ဟုလည်း လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ချမှတ်

နျူကလီးယား မပြန့်ပွားရေးနှင့် နျူကလီးယားလက်နက် ဖျက်သိမ်းရေး ထိပ်သီး အစည်းအဝေးကို အမေရိကန် သမ္မတ အိုဘားမားက ဖွင့်လှစ်ပြီး မကြာမီတွင် အထက်ပါ ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီမှချမှတ်လိုက်ခြင်းလည်းဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကန်မောင်းသူမဲ့လေယာဉ် ပစ်ခတ်မှု ပါကစ္စတန်၌ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်၏ ဒုံးကျည်ဖြင့် နှစ်ကြိမ်ပစ်ခတ်မှုကြောင့် စက်တင်ဘာ ၂၄ရက်က ရှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြား၌ စက်တင်ဘာ ၂၅ ရက်က ကြေညာသည်။

ခြေကုပ်စခန်း

ယင်းပစ်ခတ်မှုကြောင့် မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသ ဘာသာရေးကျောင်းအနီးတွင် လူနေအိမ်တစ်လုံးကို ထိမှန်ခဲ့ကြောင်း ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။ ယင်းဒေသမှာ တာလီဘန်များ၏ ခြေကုပ်စခန်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ကုန်စည်ပြပွဲအဆောက်အအုံ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ကုန်စည်ပြပွဲအဆောက်အအုံကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျပန်၊တရုတ်နှင့်တောင်ကိုရီးယား သုံးနိုင်ငံဆွေးနွေးပွဲ ကျင်းပမည်

တိုကျို စက်တင်ဘာ ၂၆

ဂျပန်နိုင်ငံခြားရေးဝန်ကြီး အိုကာဒါသည် တရုတ်နှင့်တောင်ကိုရီးယား နိုင်ငံခြားရေး ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမည့် သုံးနိုင်ငံအစည်းအဝေးတက်ရောက်ရန် ရှန်ဟိုင်းမြို့သို့ စက်တင်ဘာ ၂၈ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွင်းက ဖူကူအိုကာမြို့၌ ကျင်းပခဲ့သည့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား သုံးနိုင်ငံ ထိပ်သီးအစည်းအဝေး၌ သဘောတူခဲ့သည့် လုပ်ငန်းစဉ်ကိုအခြေခံ၍ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ရည်ရွယ်လျက် ယခုကဲ့သို့ အစည်းအဝေးကျင်းပမည်ဖြစ်သည်။

ဝန်ကြီးသုံးဦးတို့သည် ဒေသတွင်းနှင့် နိုင်ငံတကာအခြေအနေများအပေါ် အမြင်ချင်း ဖလှယ်ပြီး ဒုတိယအကြိမ် သုံးနိုင်ငံထိပ်သီး အစည်းအဝေးအတွက် ပြင်ဆင်ကြမည်ဟု သိရသည်။ **(အင်တာနက်)**

ပေးပို့

လဗီမာန်၏မျက်နှာပြင်၌ ရေမှုန်များ တွေ့ရှိရပုံကို အိန္ဒိယ လစူးစမ်းလေ့လာရေး အာကာသယာဉ်မှ စက်တင်ဘာ ၂၅ ရက်တွင် ပေးပို့ခဲ့စဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အမေရိကန်တပ်များ တိုက်ခိုက်ခံရ

ကဘူးလ် စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အကြမ်းဖက်သမားများက အမေရိကန် တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ စက်တင်ဘာ ၂၄ရက်က သီးခြား ဖြစ်ပွားသော ဖြစ်စဉ်သုံးခု၌ အမေရိကန် တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့သည်။

အင်အားပြင်းဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ်၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ကာ ကျန်တစ်ဦးမှာ ဆေးရုံ အရောက်တွင် သေဆုံးခဲ့သည်။

ထပ်မံသေဆုံး

ထို့ပြင် အခြားအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ အကြမ်းဖက်သမားများ၏ ချုံခို တိုက်ခိုက်မှုမှ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။ အမေရိကန် တပ်ဖွဲ့ဝင်များ လုံခြုံရေးကင်းလှည့်ရာသို့ တာလီဘန်တို့ တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး ထပ်မံသေဆုံးခဲ့သည်။

ထုတ်ဖော်ပြောကြား

တိုက်ပွဲဖြစ်ပွားရာနေရာ အတိအကျကိုမူ နိုင်ငံစုံတပ်ဖွဲ့မှထုတ်ဖော်ပြောကြားခြင်း မပြုကြောင်း၊ ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၃၃ဦး အပါအဝင် နိုင်ငံစုံတပ်ဖွဲ့ဝင် ၃၆၅ဦး သေဆုံးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်ရောက် ဗြိတိသျှဗိုလ်ချုပ် ရာထူးမှနုတ်ထွက်

ကဘူးလ် စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဗြိတိသျှကြည်းတပ် ဗိုလ်ချုပ်တစ်ဦးသည် နည်းဗျူဟာနှင့် ပတ်သက်ပြီး ကျေနပ်မှုမရှိ၍ ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်ကို စက်တင်ဘာ ၂၆ရက်က အင်တာနက် သတင်း၌ ဖော်ပြသည်။

ထမ်းဆောင်ခဲ့

အဆိုပါဗိုလ်ချုပ်မှာ အင်ဒရူးမက်ကေး ဖြစ်ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာလက အာဖဂန်နစ္စတန်၌ တာဝန်ထမ်းဆောင်နေစဉ် မင်းသားဟာရီသည် ၁၀ ပတ်ကြာ ၎င်း၏လက်အောက်၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ **(အင်တာနက်)**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် စက်ရုပ်ပြပွဲတွင် ဂျပန် ဟွန်ဒါမော်တော်ကားကုမ္ပဏီမှ ထုတ်လုပ်သည့် လူသားစက်ရုပ်ပြကွက်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နယ်စပ်ဖြတ်ကျော်မှုခင်း ပူးပေါင်းတိုက်ဖျက်ရေး ကျူးဘားနှင့်ဘရာဇီး သဘောတူလက်မှတ်ရေးထိုး

ဟာဗားနား စက်တင်ဘာ ၂၆

ကျူးဘားနှင့်ဘရာဇီးတို့သည် မူးယစ်မှောင်ခိုရောင်းဝယ်မှု အပါအဝင် နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးအတွက် တရားရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ကို စက်တင်ဘာ ၂၄ရက်က လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုကို ချေမှုန်းတိုက်ဖျက်ရန်နှင့် ကြိုတင်တားဆီးမှုများကို ပူးပေါင်းဆောင်ရွက်ရန်အတွက် ကျူးဘား တရားရေးဝန်ကြီး မာရီယာအီစတာရူးစ်နှင့် ဘရာဇီးတရားရေးဝန်ကြီး တာဆိုဂန်ရီတို့က ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆင်ဟွာကဖော်ပြသည်။ နှစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းမှုများရည်ရွယ်၍လည်း အမျိုးမျိုးသောမှုခင်းများ ပူးပေါင်းတိုက်ဖျက်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပြင်သစ် တိုက်လေယာဉ်နှစ်စင်း မြေထဲပင်လယ်အတွင်းပျက်ကျ

ပါရီ စက်တင်ဘာ ၂၆

ပြင်သစ်နိုင်ငံအရှေ့ပိုင်း ပါပစ်နာမြို့၌ စက်တင်ဘာ ၂၄ရက် ညနေ ဖနာရီခန့်က ပြင်သစ်ရေတပ်ပိုင် ရာဖေးအမျိုးအစား ဂျက်တိုက်လေယာဉ်နှစ်စင်းသည် လေ့ကျင့်ပျံသန်းနေစဉ် မြေထဲပင်လယ်အတွင်းသို့ ပျက်ကျခဲ့ကြောင်း ပြင်သစ်ရေတပ်က ထုတ်ဖော်ကြေညာသည်။

ပျောက်ဆုံး

ယင်း လေယာဉ် ပျက်ကျမှုတွင် လေယာဉ်မှူးတစ်ဦး အသက်ရှင်ကျန်ရစ်ပြီး အခြားတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လျှပ်စစ်ကုန်ပစ္စည်း ထုတ်လုပ်မှု တရုတ်၌ မြင့်တက်

ပေကျင်း စက်တင်ဘာ ၂၆

တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုပစ္စည်းများအနက် လျှပ်စစ်ကုန်ပစ္စည်း ထုတ်လုပ်မှုမှာ ဩဂုတ်လအတွင်း ၄ဒသမ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရုတ်စက်မှုနှင့် ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာနက စက်တင်ဘာ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။

ဩဂုတ်လအတွင်း၌ပင် စက်မှုကုန်ထုတ်လုပ်မှုပစ္စည်းများ နှစ်ချင်းအလိုက် မြင့်တက်မှုမှာ ၁၂ဒသမ၃ရာခိုင်နှုန်းရှိသည်။ ယင်းမှာ ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ကမ္ဘာ့စီးပွားရေး ပြဿနာများဖြစ်ပွားပြီးနောက်ပိုင်း အမြင့်မားဆုံးဖြစ်သည်။ ***(အင်တာနက်)***

ဗင်နီဇွဲလားမယ် ယှဉ်ပြိုင်

ဗင်နီဇွဲလားနိုင်ငံ ကရာကာ့စ် မြို့၌ ၂၀၀၉ခုနှစ်အတွက် ဗင်နီဇွဲလားမယ် ယှဉ်ပြိုင်နေသည့် အလှမယ်များအား စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြောက်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား ၁၁ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ စက်တင်ဘာ ၂၅ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင် ၁၁ဦး သေဆုံးခဲ့ကြောင်း အီရတ်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဖြစ်ပွား

အီရတ်တပ်ဖွဲ့ဝင်များက ဗုံးရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

အလင်းတန်းစာကြည့်တိုက် ကျောက်ဖြူမြို့နယ် စိုင်ချုံကျေးရွာ၌ ဖွင့်လှစ်

ကျောက်ဖြူ စက်တင်ဘာ ၂၆

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ချုံကျေးရွာ အလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၅ရက် နံနက် ၁၀နာရီခွဲက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အလင်းတန်းစာကြည့်တိုက်အဆောက်အအုံသစ်ကို ကျောက်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိန်နှင့် အလင်းတန်းစာကြည့်တိုက် အဆောက်အအုံ အလှူရှင် ဦးအုန်းမြင့်ကိုယ်စား ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ယင်းနောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို အခြေခံမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလူနှင့် ဦးစီးအရာရှိဦးအောင်ကျော်စိန်တို့က အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးဇော်မိုးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးအေးလူက အလင်းတန်း စာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ် ၅၀၀၀၀ နှင့်ဦးစီးအရာရှိ ဦးအောင်ကျော်စိန်က စာအုပ်စာစောင် ၂၅၅အုပ်ကို စာကြည့်တိုက်မှူး ဦးအောင်ကျော်စိန်ထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ကွန်ပျူတာအခြေခံသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံ သင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲညွှန်ကြားရေးမှူး ဦးညွန့်တင်တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**သင်တန်းတွင် ပထမဆုရရှိသော ဦးဇော်ဝင်းမင်း အကြီးတန်းစာရေး ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး(ရန်ကုန်တိုင်း)၊ ဒုတိယဆုရရှိသော ဦးအောင်ကျော်စိုး အကြီးတန်းစာရေး အောင်ဘာလေသိန်းဆုဌာနခွဲ၊ တတိယဆုရရှိသော ဒေါ်မေချမ်းမြွေအေး အငယ်တန်းစာရေး ဖျာပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတို့အား ဆုများချီးမြှင့်ပေးခဲ့သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရ သည်။ **(ဘဏ္ဍာ/အခွန်)**

မိုးရွာသွန်းလေသမျှ

၂၆-၉-၂၀၀၉

မြို့	မိုးရေချိန်
လောင်းလုံ	၆ ဒသမ ၈၉ လက်မ
ကော့ကရိတ်	၆ ဒသမ ၄၂ လက်မ
ရေး	၆ ဒသမ ၁၄ လက်မ
သိမ်ဖြူ	၅ ဒသမ ၀၀ လက်မ
ဘားအံ	၄ ဒသမ ၇၇ လက်မ
ထားဝယ်	၃ ဒသမ ၅၉ လက်မ
သာယာဝတီ	၂ ဒသမ ၆၈ လက်မ
ပြင်ဦးလွင်	၁ ဒသမ ၄၁ လက်မ

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၁၁၊ ၁၂၊ ၁၃ရက် (၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၂၊ ၁၃၊ ၁၄ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်ကျင်းပမည် ဖြစ်သည်။

ဖြေဆိုနိုင်

အဘိဓမ္မာ (ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရ ပထမငယ်တန်း သို့မဟုတ် ၄င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း သို့မဟုတ် ၄င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

ဖြေဆိုခွင့်

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

တောင်းယူနိုင်

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများနှင့် ကြေညာချက်များကို သက်ဆိုင်ရာစာဖြေဌာနများတည်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် စက်တင်ဘာ ၂၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်း ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းတို့တွင်နေရာကျဲကျဲ၊ ကချင်ပြည်နယ် ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၂၇ရက်ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ဝန်းကျင် မုန်တိုင်းတိုက်ခတ်ပြီးရေလွှမ်း၊ ကိုးဦးသေဆုံး

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့နှင့် အနီးဝန်းကျင်ဒေသတွင် စက်တင်ဘာ ၂၆ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလွှမ်းမှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး အိမ်များရေနစ်မြုပ်သဖြင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အစွန်းရောက်တို့ လေကြောင်းမှ တိုက်ခိုက်မှု ပါလက်စတိုင်း သုံးဦးသေဆုံး

ပါလက်စတိုင်းမြို့တော် ဂါဇာတွင် စက်တင်ဘာ ၂၆ ရက်က အစ္စရေးတိုက်လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း သုံးဦးသေဆုံးကာလူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ငွေကြေးတန်ဖိုးကျဆင်းလျက်ရှိရာ စက်တင်ဘာ ၂၆ရက် ဈေးပိတ်ချိန်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၉၁ယန်း အထိကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

လာအိုနိုင်ငံအတွက် ဆက်သွယ်ရေးဂြိုဟ်တု တရုတ်ကတည်ဆောက်ပေးမည်

တရုတ်နိုင်ငံအာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းက လာအိုနိုင်ငံအတွက် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို တည်ဆောက်ပေးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ရက်၌ သတင်းထုတ်ပြန်သည်။

တိုက်ခိုက်ရေး ရဟတ်ယာဉ်များ တူရကီအတွက် အီတလီ ထုတ်လုပ်ပေးမည်

တူရကီနိုင်ငံအတွက် ထုတ်လုပ်ပေးမည့် တိုက်ခိုက်ရေး ရဟတ်ယာဉ်အမျိုးအစားသစ်ကို အီတလီနိုင်ငံမှ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အဆယ်စင်က စက်တင်ဘာ ၂၆ရက်တွင် မီလန်မြို့၌ စတင်စမ်းသပ်မောင်းနှင်ကြောင်း၊ စုစုပေါင်း ရဟတ်ယာဉ် ၅၁စင်း ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းကမ်းလွန်၌ စက်တင်ဘာ ၂၆ရက် နံနက် ၈နာရီက ရစ်ချ်တာစကေး ၆ဒသမ၂ရှိ ငလျင်လှုပ်သွားကြောင်း၊ ယင်းငလျင်ကြောင့် ဆူမတြားကျွန်းအရှေ့ပိုင်းဒေသများ၌ အဆောက်အအုံအချို့ အနည်းငယ်ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

အီရန်အပေါ်အစ္စရေးတို့တိုက်ခိုက်ခဲ့လျှင် အီတလီနိုင်ငံကထောက်ခံမည်မဟုတ်ဟုဆို

အီရန်နိုင်ငံအပေါ်အစ္စရေးတို့၏ မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ထောက်ခံမည်မဟုတ်ကြောင်း အီတလီနိုင်ငံခြားရေးဝန်ကြီး ဖရန်ကိုဖရက်တီနီက စက်တင်ဘာ ၂၆ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ၁၅ဦးသေဆုံး၊ ၁၅၀ခန့်ဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါပြည်နယ်တွင် စက်တင်ဘာ ၂၆ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး ၁၅၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ) (အင်တာနက်)**

ခရိုင်နှင့်မြို့နယ် စာကြည့်တိုက်အတွက် အလှူခံပုံးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အောင်လံ၌ကျင်းပ

အောင်လံ စက်တင်ဘာ ၂၆

သရက်ခရိုင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ စက်တင်ဘာ ၁၂ရက် နံနက်က ခရိုင်နှင့်မြို့နယ်ရုံး စာကြည့်တိုက်အတွက် အလှူခံပုံး၊ မြို့နယ်ရုံးစာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူပေးအပ်ပွဲနှင့် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့က လှူဒါန်းသော ခရိုင်နှင့်မြို့နယ်စာကြည့်တိုက်တွင် အသုံးပြုရန် ငွေကျပ် ၁၅၀၀၀တန် အလှူခံပုံးတစ်လုံးစီကို တိုင်းဗီဒီယိုအခြေခံအဖွဲ့ အမှုဆောင် ဦးလှဝင်းနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌဦးဝင်းမြင့်တို့က ငွေကျပ် ၁၉၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၃၅အုပ်ကို မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့မှ ဦးအောင်ဆင့်၊ မြို့နယ်စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူရှင်ခုနစ်ဦးတို့က ငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ်ကြရာ မြို့နယ်ဦးစီးမှူး ဦးအေးဝင်းက လက်ခံယူသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း (၉/၂၀၀၉-၂၀၁၀) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၁၁ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများရှိ ရွှေလုပ်ငန်းရှင်များအသင်းတို့မှ အမှုဆောင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)နှင့် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်စင်လုပ်ငန်း)တို့က အမှာစကားပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထိုရွှေပန်းထိမ်ရွှေဆိုင်)က ယခင်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက် ရယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် အလုပ်သမားဝန်ကြီးဌာန၏ မှာကြားချက်များကို ပြန်လည်ရှင်းလင်းတင်ပြပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းများရှိ ရွှေလုပ်ငန်းရှင်များအသင်းတို့က မိမိတို့အသင်းများ၏ ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတင်ပြ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သရုပ်ပြ

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထကကျောင်း လှိုင်ရတနာခန်းမ၌ စက်တင်ဘာ ၂၁ရက်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပရာ မိခင်နှင့်ကလေးကျန်းမာရေးဌာန လက်ထောက် ဆရာဝန်ဒေါက်တာ ခိုင်ခိုင်မြင့်က ရှင်းလင်းသရုပ်ပြစဉ်။

(၁၈၃)

ကျောက်တလုံးကြီး၌ စာငှားစနစ်ကျင့်သုံးရေး ဆွေးနွေး

ကျောက်တလုံးကြီး စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရပ်သံကျွမ်းကျင်(၃) ဒေါ်နှင်းရီတို့ စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီက နားဟီးကျေးရွာအုပ်စု ဟမ်းဆီးမြောက်ရွာ ပညာအလင်းရောင် စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်ကော်မတီအဖွဲ့နှင့်တွေ့ဆုံပြီး စာငှားစနစ် ကျင့်သုံးရေး၊ စာအုပ်နှင့်ရန်ပုံငွေတိုးပွားရေးနှင့် စာကြည့်တိုက်မှတ်ပုံတင် ပြုလုပ်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ပညာသင်တန်းဆု

စက်တင်ဘာ ၁၅ရက်က သရက်ခရိုင် မင်းတုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော စာကြည့်တိုက်ပညာသင်တန်း အမှတ်စဉ်(၁)နှင့်(၂) တို့တွင် ပထမဆုရရှိသူ မစန်းစန်းမော်အား မြို့နယ်ဥက္ကဋ္ဌ ဦးသာညွန့်က ဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာသတင်း အချက်အလက်နှင့် နည်းပညာပြပွဲ (၂၀၀၉) စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF) က ကြီးမှူးပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း (MCPA)နှင့် မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်များအသင်း (MCIA)တို့ ပူးပေါင်းကျင်းပမည့် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (၂၀၀၉)ကို အောက်တိုဘာ ၁၅ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ စာနယ်ဇင်းရှင်းလင်းပွဲကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁နာရီက SAKURA Tower ရှိ Sky Bristo ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးခွန်ဦးက မြန်မာနိုင်ငံ၏ အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုင်တီကဏ္ဍကို အထူးစိတ်ဝင်စားသော ကုန်ထုတ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအား ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ်အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာ အသုံးချဆော့ဖ်ဝဲနည်းပညာများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ Myanmar ICT Exhibition ၂၀၀၉ကို စီစဉ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ယင်းနည်းပညာပြပွဲတွင် အိုင်တီနယ်ပယ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အီလက်ထရွန်နစ်ကုမ္ပဏီများ၊ ဆက်သွယ်ရေးပစ္စည်းအရောင်းဆိုင်များ၊ စီဒီအရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များ စသည်တို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာကို စိတ်ပါဝင်စားသူ မည်သည့်ကုမ္ပဏီအမျိုးအစားမဆို ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်းနှင့် ပါဝင်ပြသလိုသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(MCIA) ရုံးခန်း အခန်း(၂၀၄) ပင်မဆောင် မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း- ၆၅၂၂၃၈၊ ၀၉-၅၀-၆၇၁၇၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကောင်းကြီးရွာနှင့် ဖအိုင်း(အရှေ့) ရွာ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စိုက်ပျိုးရေးနည်းစနစ် ဖလမ်း၌ ဆွေးနွေး

ဖလမ်း စက်တင်ဘာ ၂၆

ဖလမ်းခရိုင် ဥက္ကဋ္ဌ ဦးခင်ဝင်းသည် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များလိုက်ပါလျက် ဖလမ်းမြို့နယ် မန်ခဲင်းကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၉ရက် ညနေ ၃ နာရီက မန်ခဲင်းကျေးရွာခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးဟွတ်နဲ့က လယ်ယာမြေတွင် စပါးဖြစ်ထွန်းအောင်မြင်အောင် ပြုစုပျိုးထောင်တမန်းနှိုးပြုစုရေး၊ လက်ဖက်နှင့် ဝဉ စိုက်ပျိုးရေးနည်းစနစ်များကို ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ယင်းမာပင်မြို့နယ် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲ ကျင်းပ

ယင်းမာပင် စက်တင်ဘာ ၂၆

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးစာဖတ်ခန်း၌ ဇူလိုင် ၃၀ရက် ညနေ ၃ နာရီက စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက စာဖတ်ဝိုင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုပ်သံကျွမ်းကျင်(၃) ဦးအောင်ဝင်းက မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင်ချစ်နိုင် (စိတ်ပညာ)၏ ဘယ်သူမပြုမိမိမှု ဆောင်းပါးကိုလည်းကောင်း၊ အငယ်တန်းစာရေး ဦးဇော်မင်းထွန်းက မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရှင် ကိုသာယာ၏သတိ အစဉ်အသိယှဉ်၍ ဆောင်းပါးကိုလည်းကောင်း၊ ရုံးအကူ ဒေါ်မြင့်မြင့်အေးက မြန်မာ့အလင်းသတင်းစာမှ ဆောင်းပါးရှင် စိုးမြကျော်၏ အသိတရားနဲ့ယှဉ်ပြီးသတိတရားနဲ့ ပေါင်းစပ် ဆောင်းပါးကိုလည်းကောင်း၊ ရုံးအကူ ဦးအောင်တင်က ဆောင်းပါးရှင် မောင်ဒွဲဒိုး၏ အနှာနှင့်ဆေး တန်အောင်ပေးပျောက်ရေးမခက် ဆောင်းပါးကိုလည်းကောင်း အသီးသီး ဖတ်ကြားကြရာ မြို့နယ်ဦးစီးမှူးက ဆောင်းပါး၏ အနှစ်သာရများကို ခြုံငုံသုံးသပ် ဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

27-9 (06).pmd 1 9/26/2009, 2:33 PM

ကမ္ဘောဇနဲ့ ရန်ကုန်ယူနိုက်တက်တို့ အရှုံးအနိုင် မပေါ်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု- ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၆

MNL Grand Royal 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့ညနေ၄နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ ကမ္ဘောဇအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ တစ်ဂိုးစီနဲ့ သရေပွဲ ဖြစ်သွားပါတယ်။

ကမ္ဘောဇအသင်း - တစ်ဂိုး
ရန်ကုန်ယူနိုက်တက် - တစ်ဂိုး

ဒီရလဒ်ကတော့ နှစ်သင်းစလုံးအတွက် မျှတတဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ သုံးပွဲဆက် အနိုင်ရထားတဲ့ ကမ္ဘောဇအသင်းဟာ လေးပွဲမြောက် အနိုင်ရဖို့ ကြိုးစားခဲ့သလို ရန်ကုန်ယူနိုက်တက်အသင်းကလည်း ရလဒ်ဆိုးတွေထဲက ရုန်းထွက်နိုင်ဖို့ ကြိုးစားခဲ့ကြပေမယ့် သရေနဲ့ပဲ ပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ အခုပွဲမှာ ပွဲအစ တစ်မိနစ်မှာ ဂိုးစတင်သွင်းယူနိုင်ခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်ခဲ့လို့ သရေတစ်မှတ်နဲ့ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ ငါးပွဲကစားအပြီးမှာ ရမှတ် ၁၀မှတ် ရရှိပြီး ရတနာပုံ F.Cနဲ့ အမှတ်တူကာ တတိယနေရာမှာ ရပ်တည်နေပြီး အမှတ်ပေးဇယားအပေါ်က ဒယ်လ်တာယူနိုက်တက်နဲ့ ရတနာပုံတို့ကို အကောင်းဆုံး ဖိအားပေးထားနိုင်ခဲ့ပါတယ်။

မိုးရွာသွန်း

ရန်ကုန်ယူနိုက်တက် အသင်းဟာ ယခင်ပွဲတွေထက် ကစားပုံ ပိုကောင်းခဲ့ပြီး ရှုံးပွဲဆက်မှုတွေကို ရပ်တန့်နိုင်ခဲ့ပေမယ့် အမှတ်ပြည့်တော့ ရယူနိုင်ခဲ့ခြင်းမရှိပါဘူး၊ ရန်ကုန်ယူနိုက်တက်အသင်းဟာ ဂိုးပေးရပြီးနောက်ပိုင်းမှာ ကမ္ဘောဇဘက်ကို တရစပ် ဖိကစားပေးခဲ့ပေမယ့် ကမ္ဘောဇခံစစ်ပိုင်း အမှားအယွင်းမရှိခဲ့လို့ ဂိုးထပ်မရခဲ့တာပါ။ ပွဲအစ တစ်မိနစ်မှာပင် တိုက်စစ်မှူး စထက်နိုင်ဝင်းက ကမ္ဘောဇအတွက် ဂိုးစတင်သွင်းယူခဲ့ပါတယ်။ ပွဲစစချင်းမှာပဲ ဂိုးပေးလိုက်ရလို့ ရန်ကုန်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရဖို့ ကစားအားတင်ခဲ့ပါတယ်။ ဘမ်ဘာနဲ့ ကျော်သူရတို့ရဲ့ တိုက်စစ်တွဲလုံးဟာ ကမ္ဘောဇဘက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် မိုးသည်းထန်စွာ ရွာသွန်းလာမှုကြောင့် ပွဲချိန် ၁၄မိနစ်ကျော်ကျော်မှာ ပွဲကိုရပ်နားခဲ့ရပါတယ်။ ပွဲကိုတော့ ၅နာရီ ၇မိနစ်ကျမှ ပြန်လည်စတင်နိုင်ခဲ့ပါတယ်။

ပွဲပြန်စရာမှာတော့ ကမ္ဘောဇအသင်းဟာ ရန်ကုန်ယူနိုက်တက်အသင်း ကစားကွက် တည်မရအောင် ကွင်းလယ်ကတည်းက ဖျက်ဖို့ ကြိုးစားခဲ့ပါတယ်။ ၃၉မိနစ်မှာတော့ ရန်ကုန်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောကတစ်ဆင့် ရွှေလှိုင်ဝင်း ခေါင်းတိုက်ချပေးတာကို နောက်ခံလူ ဌေးအောင်က ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။

ကြိုးစား

ဒုတိယပိုင်းမှာ နှစ်သင်းစလုံး အနိုင်ဂိုးရဖို့ တိုက်စစ်အား မြှင့်ခဲ့ကြပါတယ်။ ကမ္ဘောဇအသင်းအတွက် ဂိုးတွေဆက်တိုက်သွင်းယူပေးနေတဲ့ တိုက်စစ်မှူးစိုးမင်းဦးဟာ ပွဲအစ ၁၁မိနစ်မှာ ဒဏ်ရာရသွားတာကတော့ ကမ္ဘောဇတိုက်စစ်ကို အားပျော့စေခဲ့ပါတယ်။ စိုးမင်းဦးအစား ဝင်ကစားတဲ့ ကျော်သီဟဟာ သူ့ရဲ့မူလ ခြေစွမ်းကို ပြန်မရသေးပေမယ့် စထက်နိုင်ဝင်းနဲ့ တွဲပြီး ကမ္ဘောဇတိုက်စစ်ကို ပုံဖော်ခဲ့ပါတယ်။ ၆၃မိနစ်မှာ အောင်အောင်ဦး မရှိတဲ့ ဂိုးပေါက်ထဲကို ကမ္ဘောဇ ကွင်းလယ်လူ အောင်ကျော်ဦး အဝေးကနေ ကန်သွင်းပေမယ့် ရန်ကုန်နောက်ခံလူ ဌေးအောင် ရှင်းထုတ်နိုင်ခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ အသင်းခေါင်းဆောင် မျိုးမင်းထွန်းရဲ့ ဘယ်ခြမ်းကနေ ဂိုးရဖို့ အဓိကတိုက်စစ်ဆင်ခဲ့ပါတယ်။ တိုက်စစ်မှူး ကျော်သူရ ဂိုးရနိုင်တဲ့ အခွင့်အရေး နှစ်ကြိမ်ကို အသုံးမချနိုင်ခဲ့သလို နိုင်ငံခြားသားတိုက်စစ်မှူး ဘမ်ဘာကလည်း ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက်ကို လိမ်ပြီး ဂိုးသွင်းဖို့ ကြိုးစားခဲ့ပေမယ့် အရှိန်များသွားလို့ နှစ်သင်းစလုံး ဂိုးထပ်မရဘဲ သရေနဲ့ ပြီးဆုံးခဲ့တာ ဖြစ်ပါတယ်။ ။

ရန်ကုန်ယူနိုက်တက်မှ ဂေးဒက်ဒ်၏ ထိုးဖောက်မှုကို ကမ္ဘောဇ နောက်ခံလူ ခင်မောင်လွင် ဖျက်ထုတ်နေစဉ်။ (မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဥသာယူနိုက်တက်-မကွေး

(မြန်မာ့အလင်း)

ကမ္ဘောဇ-ရန်ကုန်ယူနိုက်တက် ပွဲစဉ်ကို အားပေး ကြည့်ရှုကြသော ဝါသနာအိုးပရိသတ်များ။ (မြန်မာ့အလင်း)

လက်ရှိချန်ပီယံမန်ယူ ပဉ္စမမြောက်နိုင်ပွဲဆက် ချယ်လ်ဆီး ပထမဆုံးအကြိမ်ရှုံးပွဲကြုံတွေ့

ဖောင်ပိတ်အားကစားသတင်း - မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၆

ပရီမီယာလိဂ် ပွဲစဉ်(၇) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၆ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ နိုင်ပွဲဆက်ပြီး ချယ်လ်ဆီးတို့ ပထမဆုံး ရှုံးပွဲနှင့် ကြုံတွေ့သွားရသည်။

ပထမဆုံး ပွဲစဉ်အဖြစ် ပို့စ်မောက်နှင့်အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်က လူးဝစ်ဆာဟာ၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် ပထမဆုံး အဝေးကွင်း၌ အနိုင်ရခဲ့သည်။

စတုတ်စီးတီးဂိုးထဲသို့ မန်ယူမှ အိုရှေး ဦးသို့ ခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူနိုင်

စတုတ်စီးတီးက အိမ်ကွင်း၌ ချန်ပီယံမန်ယူကို ပထမပိုင်း ပွဲပြီးသည်အထိ ဂိုးမပေးဘဲ ခံစစ်ဖြင့် ကစားခဲ့သည်။ ဒုတိယပိုင်း ၆၁မိနစ်တွင် လူစားဝင်လာသူ ဂစ်ကဘယ်တောင်ပံမှ ချိုးပေးလိုက်သည်ကို ဘာဘာတော့ဗ် ကန်သွင်း၍ မန်ယူတို့ အဖွင့်ဂိုးရခဲ့သည်။ မန်ယူတို့ ထပ်မံဂိုးသွင်းနိုင်ရေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇၅မိနစ်တွင် ရိုင်ယန်ဂစ်၏ တည်ကန်ဘောမှတစ်ဆင့် အိုရှေး ခေါင်းတိုက်သွင်းယူခဲ့သည်။ စတုတ်စီးတီးအသင်းသည် ပွဲပြီးသည်အထိ ချေပဂိုးသွင်းနိုင်ရေး အကြိတ်အနယ် ကြိုးစားခဲ့သော်လည်း မန်ယူခံစစ်ကို မကျော်နိုင်၍ ပွဲအပြီး မန်ယူက နှစ်ဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ ယခုပွဲမှာ မန်ယူ၏ ပဉ္စမမြောက် ဆက်တိုက်နိုင်ပွဲ ဖြစ်သည်။

ချယ်လ်ဆီးရှုံးပွဲတွေ့

ချယ်လ်ဆီးတို့ ဝီဂန်အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ပွဲစပြီး ၁၅ မိနစ်အကြာ ဝီဂန်အသင်းအတွက် အဖွင့်ဂိုးကို ရိုဒယ်လီဂါ၏ ထောင့်ကန်ဘောမှတစ်ဆင့် ဘရမ်းဘဲလ် ခေါင်းတိုက်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ပြန်စပြီးမကြာမီ ဒရော့ဘာက ဘော့စင်ဝါ၏ တည်ကန်ဘောမှတစ်ဆင့် အနီးကပ် ချေပဂိုးသွင်းခဲ့သည်။ ပွဲချိန် မိနစ် ၅၀တွင် ချယ်လ်ဆီး ဂိုးသမားပီတာချက် ရိုဒယ်လီဂါအား ခြေထောက်ကို လက်ဖြင့်ဖမ်းတားခဲ့၍ အနီကတ်ဖြင့် ထွက်သွားခဲ့ရသည်။ ယင်းပယ်နယ်တီကို ရိုဒယ်လီဂါကပင် သွင်းယူခဲ့၍ ဝီဂန်တို့ ဒုတိယဂိုး ရခဲ့သည်။ ဝီဂန်အသင်းအတွက် တတိယပွဲသိမ်းဂိုးကို ပေါ်စချာနာက သွင်းယူခဲ့ခြင်းဖြစ်သည်။

လီဗာပူး ဂိုးမိုးရွာ

လီဗာပူးတို့ အိမ်ကွင်း၌ ဟူးလ်စီးတီးကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်နိုင်ခဲ့သည်။ လီဗာပူးအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး တောရက်စ်က ဟက်ထရစ်သုံးဂိုး၊ ဂျရတ်က တစ်ဂိုးနှင့် ဘာဘယ်က နှစ်ဂိုးသွင်းယူခဲ့သည်။ ဟူးလ်စီးတီးက ပွဲချိန် ၁၄မိနစ်တွင် ဂျော်ဗာနီက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဝီဂန်ကစားသမားဘရမ်းဘဲလ် ချယ်လ်ဆီး ဂိုးထဲသို့ ဦးသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘာမင်ဂမ်နှင့် ဘော်လ်တန်တို့ ပွဲစဉ်တွင် လူစားဝင်လာသူ ချောင်ယွန်လီ၏ အနိုင်ဂိုးကြောင့် ဘော်လ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ပွဲစပြီး ၁၀မိနစ်အကြာ ကိုဟမ်က ဘော်လ်တန်အတွက် အဖွင့်ဂိုးသွင်းပြီး ၈၄မိနစ်တွင် ဖိလစ်က ဘာမင်ဂမ်အတွက် ချေပခဲ့သည်။

ဘလက်ဘန်းနိုင်

ဘလက်ဘန်းတို့အိမ်ကွင်း၌ အက်စ်တွန်ဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ပွဲစပြီးနှစ်မိနစ်အကြာ အဘွန်လဟောက ဗီလာအတွက် ဂိုးသွင်းခဲ့သည်။ သို့သော်လည်း ၂၃မိနစ်တွင် ခရစ္စတိုဖာက ဘလက်ဘန်းအတွက် ချေပဂိုးသွင်းခဲ့သည်။ ဗီလာမှဂျိမ်းမီလာအား ဗင်စင်ဇို ကြမ်းတမ်းစွာကစားမိ၍ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဘလက်ဘန်းတို့ ၁၀ဦးတည်းဖြင့် ဆက်လက်ကစားရာ လူစားဝင်လာသူ ဒေးဗစ်ဒန်းက ပွဲပြီးရန်နှစ်မိနစ်အလိုတွင် ပွဲသိမ်းအနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ အခြားပွဲများအဖြစ် စပါးက ဘန်လေကို ငါးဂိုးပြတ်ဖြင့်နိုင်ပြီး အာဆင်နယ်က ဖူလ်ဟမ်ကွင်း၌ တစ်ဂိုးတည်းဖြင့် ရမှတ် သုံးမှတ် ရယူသွားခဲ့သည်။ ။ **(အင်တာနက်)**

ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင် တင်းနစ်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၉ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ အမျိုးသားရေကူးကန် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဦးကျော်ကျော်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင် ဝန်ကြီးဌာနအသင်းများ ပြိုင်ပွဲခန်းမအတွင်း နေရာယူကြပြီးနောက် ဥက္ကဋ္ဌ ဦးကျော်ကျော်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြပြီး ပြိုင်ပွဲဝင်ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာကြကာ ပထမနေ့ ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲများကို စက်တင်ဘာ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ အမျိုးသားအသင်း ၁၀သင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

27-9 (07).pmd 1 9/26/2009, 2:33 PM

လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသည့် နည်းပညာတက္ကသိုလ် (ဘားအံ)

သတင်းခရီးသည် - ဝင်းရွှေ (မြန်မာ့အလင်း) ➢ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော် (စမ်းချောင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၆

ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးရေးသားရန် မကြာမီကရောက်ရှိခဲ့သည့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ဘားအံမြို့နယ်မှ နည်းပညာတက္ကသိုလ်(ဘားအံ)သို့ ခရီးနှင်ခဲ့ကြသည်။

သတင်းအဖွဲ့ စီးနင်းလာသောကားသည် ဘားအံမှ ဇွဲကပင်တောင်သို့ သွားသည့်လမ်းအတိုင်း အရှိန်ဖြင့် မောင်းလျက်....။

"အစိုးရနည်းပညာ အထက်တန်းကျောင်းသို့ ရှစ်တန်းအောင်ပြီး အသက်၁၈နှစ်အောက်ကျောင်းသား ကျောင်းသူတို့ တက်ရောက်သင်ကြားနိုင်ပါတယ်"

ဦးထင်အောင်ညွန့်
ကျောင်းအုပ်ကြီး

ပန်းရ

လမ်းဘေးတစ်ဖက်တစ်ချက်တွင် စိမ်းလဲ့ဝေဖြာနေသည့် စပါးခင်းများ၊ လူနေအိမ်ခြေများကို တရွေ့ရွေ့ဖြတ်သန်းရင်း နည်းပညာတက္ကသိုလ်(ဘားအံ)အနီး ကြာအင်းတောင်တန်းကို အဝေးမှ လှမ်းမြင်နေရသည်။ ခဏအကြာတွင် ခေတ်မီခံ့ညားထည်ဝါသည့် နည်းပညာတက္ကသိုလ်(ဘားအံ)ကို ငွားငွားစွင့်စွင့် မြင်တွေ့လိုက်ရတော့သည်။ ပြောင်မြောက်သော ဗိသုကာလက်ရာများနှင့် ထုဆစ်ထားသည့် နည်းပညာတက္ကသိုလ်(ဘားအံ) အဆောက်အအုံကြီးနှင့် ကြာအင်းတောင်တန်း၏ သဘာဝအလှသည်ကား ပန်းရလျက်ရှိလေသည်။

သတင်းအဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ)အုပ်ချုပ်ရေးဌာနသို့သွားရောက်ပြီး ကျောင်းအုပ်ကြီး ဒေါက်တာ ထွန်းကျော်မြင့်နှင့် တွေ့ဆုံကာ သိလိုသည့်အချက်အလက်များကို မေးမြန်းခဲ့သည်။

"နည်းပညာတက္ကသိုလ်(ဘားအံ)ကို အခုလိုတက္ကသိုလ်အဆင့်မဖြစ်မီ ၁၉၉၃ခုနှစ် စက်တင်ဘာ ၆ရက်မှာ စက်မှုလက်မှုအထက်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၈ခုနှစ် ဩဂုတ် ၁၂ရက်မှာ စက်မှုလက်မှုသိပ္ပံ၊ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ ၂၈ရက်မှာ အစိုးရနည်းပညာကောလိပ်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်မှာ နည်းပညာတက္ကသိုလ်အဖြစ် အဆင့်ဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။ နည်းပညာတက္ကသိုလ် (ဘားအံ)ဟာ ဘားအံမြို့ ရဲသာကျေးရွာအနီးမှာ တည်ရှိပြီး ၃၅ ဒသမ ၁၉၄၈ဧကကျယ်ဝန်းပါတယ်" ဟု ရှင်းပြသည်။

အဆင့်တိုးမြှင့်

၈၈ခုနှစ်မတိုင်မီက ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်သာ အဆင့်မြင့်ပညာများကို ဆည်းပူးသင်ကြားခဲ့ရသည့်အခြေအနေမှ ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ဒေသအလိုက် အဆင့်မြင့်ပညာများ လက်လှမ်းတမီ လွယ်ကူစွာ သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်မှ စတင်ကာ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုတွင်ရှိသည့် ကောလိပ်အားလုံးကို တက္ကသိုလ်များအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နည်းပညာတက္ကသိုလ်(ဘားအံ)တွင် ယခုပညာသင်နှစ်၌ မြို့ပြ အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ စက်မှုစွမ်းအား အင်ဂျင်နီယာသင်တန်း၊ စီအင်န်စီအင်ဂျင်နီယာ သင်တန်းနှင့် ဇီဝနည်းပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

လေ့လာဆည်းပူး

သတင်းအဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ)၌ (B.Tech) ပထမနှစ်တွင် ပညာသင်ကြားနေသည့် ကျောင်းသူ မအိမ္ဂန်သက်အား တွေ့ဆုံမေးမြန်းရာ "ဟိုတစ်ချိန်က ပြည်နယ်အတွင်းမှာ ဒီလိုကျောင်းမျိုးတွေမရှိတော့ ကျောင်းရှိတဲ့ ရန်ကုန်နဲ့ မန္တလေးမြို့တွေကိုသွားပြီး ပညာသင်ကြားရတယ်လို့ ကြားဖူးပါတယ်။ သမီးတို့ကျောင်း တက်တဲ့အချိန်ရောက်တော့ အဆင့်မြင့်ပညာသင်ကြားတဲ့ ကျောင်းတွေကိုယ့် ပြည်နယ်ထဲမှာရှိလာပြီဆိုတော့ မိဝေးဖဝေး သွားစရာ မလိုတော့ဘူးပေါ့၊ ပြည်နယ်တွင်းမှာပဲ သင်ကြားနေရပြီဖြစ်လို့ အချိန်ကုန်၊ ငွေကုန်သက်သာပြီး မိဘနဲ့မခွဲဘဲ ပညာရပ်တွေကို လက်လှမ်းတမီလေ့လာဆည်းပူးနိုင်ပါပြီ" ဟု ပြောကြားသည်။

"သမီးတို့ ကျောင်းတက်တဲ့ အချိန်ရောက်တော့ အဆင့်မြင့် ပညာသင်ကြားတဲ့ ကျောင်းတွေ ကိုယ့်ပြည်နယ်ထဲမှာ ရှိလာပြီဆိုတော့ ပညာရပ်တွေကို လက်လှမ်းတမီ လေ့လာဆည်းပူးနိုင်ပါပြီ"

မအိမ္ဂန်သက်
(B.Tech ပထမနှစ်)။

ခံယူချက်ရှိ

ဆက်လက်၍ (B.Tech)ပထမနှစ်တွင်ပညာသင်ကြားနေသည့်ကျောင်းသူ မမိမျိုးမျိုးကျော်အား တွေ့ဆုံမေးမြန်းရာ "သမီးက ကော့ကရိတ်မြို့နယ်ကလာတက်တာပါ။ ကလေးဘဝကတည်း စက်မှုပညာကို ဝါသနာပါပါတယ်။ ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်ကို လေ့လာရလို့ ထူးချွန်ထက်မြက်သူတစ်ဦးဖြစ်အောင် ကြိုးစားပြီးသင်ယူမယ်လို့ ခံယူချက်ရှိပါတယ်။ ကိုယ်တတ်မြောက်လာတဲ့ နည်းပညာနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်စွမ်းဆောင်ပြီး ညီငယ်၊ ညီမငယ်များကို စံနမူနာပြဖြစ်အောင် ကြိုးစားသွားမှာပါ "ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသအားလုံးရှိ လူငယ်လူရွယ်များအနေဖြင့် ခေတ်မီပညာရပ်များကို မိမိတို့ ဒေသတွင်း၌ပင် ဆည်းပူး သင်ယူနိုင်ကြပြီဖြစ်သည်။

ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်းသို့သွားရောက်ပြီး ပညာသင်ကြားမှုနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီး ဦးထင်အောင်ညွန့်အား တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီကျောင်းကို ယခုပညာသင်နှစ်မှ စတင် ဖွင့်လှစ်တာပါ။ ရှစ်တန်းအောင်ပြီး အသက် ၁၈နှစ်နှင့်အောက် ကျောင်းသား ကျောင်းသူတွေ တက်ရောက် သင်ကြားနိုင်ပါတယ်။ ဘာသာရပ်ငါးမျိုး သင်ကြားပို့ချနေပါတယ်။ သင်တန်းကာလမှာ ၂နှစ်ဖြစ်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများ အနေနဲ့ A.G.T.I သို့ ဆက်လက်တက်ရောက် ပညာသင်ကြားနိုင်ပါတယ်"ဟု ပြောကြားသည်။

တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ စစ်တွေ၊ကျိုင်းတုံ၊ကလေး၊ တောင်ကြီး စသည့်မြို့နယ်များတွင် သင်တန်းကျောင်းများဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိရာ အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

အထောက်အကူပြု

သတင်းအဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း၌ ပထမနှစ်တက်ရောက်နေသည့် ကျောင်းသား မောင်တင်ထူးဝေအား တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီကျောင်းဖွင့်တယ် ကြားရကတည်းက ဝမ်းသာနေတာပါ။ ကျွန်တော်က လျှပ်စစ်ပိုင်းဆိုင်ရာ အတတ်ပညာကို သင်ကြားချင်တဲ့အတွက် လာတက်တာပါ။ ကျောင်းက သင်ကြားပို့ချတဲ့ ဘာသာရပ်တွေကလည်း ကျွန်တော်တတ်ချင်၊ နားလည်ချင်တာတွေနဲ့ အံကိုက်ပဲမို့ အရမ်းကို အဆင်ပြေပါတယ်"ဟု ရှင်းပြသည်။

တစ်ချိန်က ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော နယ်စပ်ဒေသများ

ကရင်ပြည်နယ်အတွင်းရှိ ကြာအင်းတောင်တန်း၏ သဘာဝအလှနှင့် လက်ရာမြောက်စွာ တည်ဆောက်ထားသည့် နည်းပညာတက္ကသိုလ် (ဘားအံ) တို့ကို ဤသို့ ပန်းရစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

တိုးမြှင့်ဖွင့်လှစ်

အစိုးရနည်းပညာကောလိပ်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် နည်းပညာတက္ကသိုလ်အဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။

ဒေါက်တာ ထွန်းကျော်မြင့်
ကျောင်းအုပ်ကြီး
နည်းပညာ တက္ကသိုလ်(ဘားအံ)။

နည်းပညာတက္ကသိုလ်(ဘားအံ) အပါအဝင် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ နိုင်ငံအနှံ့ ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ရာ ပညာရေးကဏ္ဍမှ နိုင်ငံတော်သစ်အတွက် အဓိကလိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်း။

"ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်ကို လေ့လာရလို့ ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်အောင် ကြိုးစားပြီး သင်ယူမယ်လို့ ခံယူချက်ရှိပါတယ်"

မမိမျိုးမျိုးကျော်
(B.Tech ပထမနှစ်)။

၌ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ပေါ်ထွန်းလာ

သို့ဖြစ်၍ နည်းပညာတက္ကသိုလ်(ဘားအံ)အပါအဝင် အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ နိုင်ငံအနှံ့ ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ရာ ပညာရေးကဏ္ဍမှ နိုင်ငံတော်သစ်အတွက် အဓိကလိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျွဲပွဲဈေးလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

● *ကျောဖုံးမှ*

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ အင်အား ၅၀၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။

စတင်ဆောက်လုပ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက **"ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးနဲ့ ပြည်သူတွေရဲ့ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကဏ္ဍဟာ အဓိက ကဏ္ဍမှာ ပါဝင်တယ်"** ဟု လမ်းညွှန်ထားချက်အရ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ၁၉၈၈ ခုနှစ်ကစပြီး ယနေ့ ဖွင့်လှစ်သည့် မင်းတုန်းချောင်းတံတား (ရေနံ့သာ) အပါအဝင်ဆိုလျှင် ပေ၁၈ဝနှင့်အထက် တံတားကြီးအစင်း ၂၃၀မြောက် ဖြစ်ကြောင်း၊ လမ်းလုပ်ငန်းအပိုင်း၌လည်း ၁၉၈၈ခုနှစ်တွင် လမ်းမိုင် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ၁၉၉၉၉/၁ မိုင် ရှိလာပြီဖြစ်၍ ၆၃၆၄/၁ မိုင် တိုးတက်ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ယင်းတံတားကြီးကို ၂၀၀၅ ခုနှစ် မတ်လ ၂၇ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း။

ဤတံတားကြီး မတည်ဆောက်မီကဆိုလျှင် ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကိစ္စများကို ဆောင်ရွက်ရာတွင် ကုန်းတစ်တန်၊ ရေတစ်တန် သွားလာနေရ၍ ခရီးကြန့်ကြာပြီး စိတ်အနှောင့်အယှက်ဖြစ်ရသည့် ဒုက္ခများ၊ ကုန်စည်များ အချိန်မီသယ်ပို့ခြင်းမပြုနိုင်သည့် ဒုက္ခများ ခံစားခဲ့ရသည်ကို လူတိုင်းအသိပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ယင်းဒုက္ခများ ကင်းဝေးသွားမည်ဖြစ်၍ သရက်-ကံမဒေသရှိ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ကြောင်း။

လက်တွဲစောင့်ရှောက်

ယနေ့ဖွင့်လှစ်သော တံတားကြီးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဆက်စပ်ပြီး ဒေသ၏ အကျိုးစီးပွားကိုလည်း အကျိုးပြုစေမည်ဖြစ်သည့်အတွက် မိမိဒေသအတွင်း၌ရှိသော ပြည်သူ့အကျိုးပြု၊ ဒေသအကျိုးပြု ဤတံတားကြီးကို ရေရှည်အသုံးပြုနိုင်အောင် ပိုင်းဝန်းထိန်းသိမ်းပေးကြပါ၊ မိမိ၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာသဘောမျိုး ခံယူကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ အခြေခံပြီး တက်ညီလက်ညီ လက်တွဲကာကွယ်စောင့်ရှောက်သွားကြပါဟု တိုက်တွန်း ပြောကြားသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားရာတွင် ယနေ့ မင်းတုန်းချောင်းတံတား (ရေနံ့သာ) သည် မကွေးတိုင်းအတွက် အရေးပါသည့် နိုင်ငံတော်၏ အစင်း ၂၃၀ မြောက် တံတားသစ်ကြီး ဖြစ်ကြောင်း။

ကြိုးပမ်းအားထုတ်မှု

ယင်းကဲ့သို့ တံတားများ တစ်စင်းပြီး တစ်စင်း တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ အဆင့်အတန်း၊ မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းနှင့် တီထွင်ကြံဆမှု၊ တိုင်းရင်းသားပြည်သူများ၏ ညီညွတ်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကို မှတ်ကျောက်တင်ပြလိုခြင်းဖြစ်ကြောင်း။

ယခု မင်းတုန်းချောင်းတံတား (ရေနံ့သာ) ပေါ်ပေါက်လာခဲ့ခြင်းကြောင့် သရက်ခရိုင်အတွင်းနှင့်မကွေးတိုင်းအတွင်းတို့၌ရှိသည့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများသည် ကုန်ကြမ်း သယ်ယူခြင်း၊ ကုန်ချောပို့ဆောင်ခြင်းများကို ကုန်ကျစရိတ် သက်သာလွယ်ကူမြန်ဆန်စွာဖြင့် ပို့ဆောင်သယ်ယူနိုင်တော့မည် ဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အချိန်တိုအတွင်း ခရီးပေါက်နိုင်အောင် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပိုင်းဝန်းထိန်းသိမ်း

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူ ဦးအောင်မြင့်တင်က တံတားကြီး ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူများအနေဖြင့် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မင်းတုန်းချောင်းတံတား (ရေနံ့သာ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(ဆောက်လုပ်ရေး)

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (စီမံကိန်း) ဦးရဲမြင့်ဆွေနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးကျော်လင်းတို့က မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်ပရိသတ်တို့သည် မင်းတုန်းချောင်းတံတား (ရေနံ့သာ)ဖွင့်လှစ်သည့် မုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မင်းတုန်းချောင်းတံတား (ရေနံ့သာ) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ မင်းတုန်းချောင်းတံတား (ရေနံ့သာ) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(ဆောက်လုပ်ရေး)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မင်းတုန်းချောင်းတံတား (ရေနံ့သာ)သည် အပေါ်ထည် ဘေလီ၊ အောက်ထည် သံကူကွန်ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ် လွန်တူးဘိုပိုင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည်ပေ ၇၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၀ပေ၁၀လက်မခွဲနှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၁၃တန် ဖြစ်သည်။

အဆိုပါတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် အစင်း ၂၃၀ မြောက် တံတားဖြစ်ပြီး မကွေးတိုင်းအနေဖြင့် ၁၉ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်တံတား ဖြစ်သည်။

ပိုမိုဖွံ့ဖြိုးတိုးတက်

မင်းတုန်းချောင်းတံတား(ရေနံ့သာ) ဖွင့်လှစ်ပေးသည့်အတွက် ရခိုင်ပြည်နယ်မှ ထွက်ရှိသည့် ရေသယံဇာတနှင့် ဆန်၊ စပါးများကို စစ်တွေ-အမ်း-မင်းဘူး- မကွေးလမ်းမှ တစ်ဆင့် မကွေး-မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းမှ ရှမ်းပြည်နယ်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို ပုသိမ်-မုံရွာလမ်းမှ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့သို့ လည်းကောင်း၊ မုံရွာ- ရွှေဘို- မြစ်ကြီးနားလမ်းမှ ကချင်ပြည်နယ်သို့ လည်းကောင်း၊ မကွေးတိုင်းမှ ထွက်ရှိသည့် ပဲ၊ ပြောင်း၊ နှမ်း စသည့် ဆီထွက်သီးနှံများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့သို့ လည်းကောင်း၊ မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှ ဒေသအသီးသီးတို့ရှိ ထွက်ကုန်များကို နိုင်ငံတစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်၍ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက် ၂၁နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရတခဇုန်(မော်လမြိုင်)၌ (က)အုပ်စုမှ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နတခဇုန်(ပုသိမ်)၌ (ခ)အုပ်စုမှ နေပြည်တော်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နမခဇုန် (မုံရွာ)၌ (ဂ)အုပ်စုမှ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ လပခဇုန်(မန္တလေး)၌ (ဃ)အုပ်စုမှ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တပခဇုန် (တောင်ငူ)၌ (င)အုပ်စုမှ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၁ရက်က အိမ်မဲမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် အဓိကမြောင်းမကြီးပေါ်တွင် ကျရောက်သည့် အိမ်မဲကြီးရပ်ကွက် (၁၁)လမ်းဖြတ် ကွန်ကရစ်တံတားငယ်တည်ဆောက်မှုကို တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၉-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ မြတ်ဂုဏ်တော်သခင် သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၁၀ ၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား၊ အမျိုးသမီး)**
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ အကပြိုင်ပွဲ
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၃၂)
- ၁၂:၃၀ ၅။ Golf Magazine(TV)
- ၁၂:၄၅ ၆။ မြန်မာရုပ်ရှင် **ညမင်းသား** ရန်အောင်၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-မီးပွား)
- ၁၄:၁၅ ၇။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
- ၁၄:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၄၀ ၉။ International News

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် မကွေး F.C)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
- ၆:၃၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **သူမနှင့် ဆံထုံး** ရန်နိုင်၊ နိုးနိုး [ဒါရိုက်တာ-မေတင်(MMG)]
- ၆:၄၀ ၇။ ဂီတသံစဉ်အလှဆင်
- ၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မိုးမြေချစ်သူ**(အပိုင်း-၈)
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၄၆)
- ၁၃။ (၄၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **မပြောပေမယ့် ကြားနေရတယ်** ကောင်းခန့်၊ နေမင်း၊ မိုးယံဇွန်၊ ကျော်ထက်ခေါင်၊ ဇော်ဝင်းမောင်၊ သက်မွန်မြင့်၊ ချောရတနာ၊စံပယ်မိုး [ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)]

ပူတာအိုမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပူတာအို စက်တင်ဘာ ၂၆

ကချင်ပြည်နယ် ပူတာအိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ပူတာအိုမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးအေးမင်းထွန်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်မောင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲတွင် တောင်ကထောင် (က)ရပ်ကွက် အသင်းနှင့် မူလာရှီးဒီကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားရာ မူလာရှီးဒီအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(၁၁၃)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

တုပ်ကွေးရောဂါ ကာကွယ်ပါ

တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်သည်။ ရာသီဥတုအပြောင်းအလဲဖြစ်သည့် ယခုကာလမျိုးတွင် ပို၍ဖြစ်ပွားတတ်သည်။ တုပ်ကွေးဖျားလျှင် (၃-၄)ရက်ခန့် အရှိန်တက်၍ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်လုံးပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများဖြစ်တတ်သည်။

ဖြစ်ပွားရသည့်အကြောင်းရင်းမှာ ရာသီဥတုအပြောင်းအလဲကြောင့် သဘာဝအရ ဖြစ်ပေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ကူးစက်တတ်သည်။ တစ်ကိုယ်ရည်ကျန်းမာရေးကို ဂရုစိုက်လျှင် ဆေးလျှင်စွာ ပျောက်ကင်းသည်။

တုပ်ကွေးရောဂါမှကာကွယ်ရန် -

(က) နေပူမှလာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
(ခ) လက်ကိုသန့်ရှင်းသော ရေနှင့် ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။
(ဂ) လူများပြားထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။ အနားယူပါ။
(ဃ) နှာချေလျှင်၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ။
(င) ဖျားနာသူနှင့် ၄င်းအား အနီးကပ်ပြုစုသူများ ပါးစပ် နှာခေါင်းစည်းတပ်ပါ။
(စ) အာဟာရပြည့်ဝအောင်စားသုံးပါ။
(ဆ) ဗီတာမင်စီအပြည့်အဝပါသော အသီးအနှံနှင့် အရွက်များကိုစားပါ။

လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက်ပြသစစ်ဆေးမှုခံယူပါ။

လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်သောရောဂါများကို ထိရောက်စွာကာကွယ်နိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အသိပညာ အလိမ္မာနှင့် "စာ"

မောင်ရန်ရှင်း

"အလိမ္မာ စာမှာရှိသည်" ဟူသော ဆိုရိုးစကားတစ်ခုရှိပါသည်။ စာပေသည် အသိပညာ အလိမ္မာကို ပေးစွမ်းနိုင်ပါသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်"၊ "စာပေသည်လူမျိုး၏အသက်၊ လူမျိုး၏ဝိညာဉ်"၊ "စာပေပျောက်လျှင် လူမျိုးပျောက်မည်" ဟု ရှေးရှေးမြန်မာစာပေပညာရှင်ကြီးများက ဆိုထုံးစကားထားခဲ့ပါသည်။ "အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်တင်ရမည်" ဟု ဆောင်ပုဒ်များ ပေါ်ထွက်လာခြင်းမှာ အကောင်းလက္ခဏာဖြစ်ပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ပေါ်ဦးစကပင် မြန်မာတို့၏ စာပေသည် ကျောက်စာများ၊ ပေပုရပိုက်များဖြင့် စာပေရေးသားမှုပုံသဏ္ဌာန်အဆင့်ဆင့်၊ ခေတ်အဆက်ဆက် ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းမှသည် ယနေ့ခေတ်ကာလတိုင် တိုးတက်ပြောင်းလဲလာခဲ့သည်။ မြန်မာ့စာပေသမိုင်းသည် မြန်မာတို့၏ ဇာတိမာန် အရည်အသွေး၊ အတွေးအခေါ်၊ အသိပညာတို့၏ မြင့်မားမှုပြယုဂ်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စာပေထုတ်ဝေမှု သမိုင်းအစကို ပြန်ပြောင်းကြည့်လျှင် သတင်းစာ ထုတ်ဝေမှုအဦးအစကို တင်ပြချင်ပါသည်။ ၁၈၂၄-၁၈၂၆ခု ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မြန်မာက တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့အား ပေးအပ်လိုက်ရသည်။ ထိုနယ်များတွင် အင်္ဂလိပ်တို့သည် လွတ်လပ်စွာ စီမံအုပ်ချုပ်ခွင့်၊ စီးပွားကုန်သွယ်ခွင့်၊ သာသနာပြုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်တို့ကိုပါ တစ်ပါတည်း ရရှိသွားသည်။ ၁၈၃၃ခုနှစ်တွင် အေဒီ၊မိန်းဂီး (A.D.Maingy) ၏နေရာတွင် တနင်္သာရီတိုင်းမင်းကြီးအဖြစ် မော်လမြိုင်သို့ ရောက်ရှိလာသော အီး၊အေ၊ဗလန်ဒယ် (E.A Bludell) က အင်္ဂလိပ်သတင်းစာနှင့် မြန်မာသတင်းစာများ ပြုစုထုတ်ဝေပေးလျှင် မြန်မာတို့အကျိုးဖြစ်ထွန်းမည်။ အင်္ဂလိပ်စာပေကို ပိုမိုစိတ်ဝင်စားလာမည်ဟု ယူဆကာ သတင်းစာထုတ်ဝေနိုင်ရန် ကြိုးစားခဲ့ရာ ၁၈၃၆ခုနှစ်တွင် မြန်မာဘာသာဖြင့် ထုတ်ဝေသော အပတ်စဉ်စာစောင်၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အပတ်စဉ်စာစောင် သတင်းစာပေါ်ထွက်ခဲ့သည်။ ထိုသတင်းစာနှစ်စောင်အနက် မြန်မာဘာသာဖြင့်ထုတ်ဝေသော သတင်းစာသည် ဦးစွာပေါ်ထွက်လာခဲ့သည်။

ထိုသတင်းစာများ ထုတ်ဝေစဉ်က အယ်ဒီတာမှာ အစိုးရအခမဲ့ကျောင်း၌ ကျောင်းအုပ်ဆရာကြီးလုပ်နေသူ အမေရိကန်သူနာပြုဆရာကြီး စီဖင်းနက် (Rev. Cephas Bennett) ဖြစ်သည်။

ပထမသတင်းစာမှာ မော်လမြိုင် ခရော်နီကယ် (The Maulmain Chronicle) ဖြစ်ပြီး ၁၈၃၆ခုနှစ် မတ်လ ၃ရက်နေ့တွင် မော်လမြိုင်မြို့မှ စတင်ထုတ်ဝေခဲ့သည်။ သတင်းစာကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေခဲ့သည်။ တန်ဖိုးမှာ တစ်စောင်လျှင် ရှစ်ပဲ၊ တစ်လလျှင် တစ်ကျပ်ရှစ်ပဲ ဖြစ်သည်။

စာနယ်ဇင်းဟူသည် အဓိပ္ပာယ်မှာ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်း သုံးမျိုးပေါင်းထားသည့် အဓိပ္ပာယ်ဖော်ဆောင်ကြောင်း၊ တိုးတက်ရေးမဂ္ဂဇင်းကို ထုတ်ဝေသည့် စာရေးဆရာကြီး "ပဂျိဒို" အမည်ခံ တိုးတက်ရေးဦးစိန်က ၁၉၃၅ခုနှစ်တွင် တီထွင်ခေါ်ဝေါ်ခဲ့ကြောင်း မှတ်သားရပါသည်။

မြန်မာစာပေပညာရှင်ကြီးများက မဂ္ဂဇင်းအစ "မြန်မာ့မဂ္ဂဇိန်" ကဟု သတ်မှတ်ခဲ့ကြပါသည်။ ၁၉၃၅ခုနှစ်က ထုတ်ဝေသော ပညာ့အလင်း သတင်းစာကြော်ငြာပိုင်းတွင် ယင်း "မြန်မာ့မဂ္ဂဇိန်" မဂ္ဂဇင်းကြော်ငြာကို တွေ့ခဲ့ရကြောင်း၊ ယင်းမဂ္ဂဇင်းကို ကြည့်မြင်တိုင် ဦးမောင်မောင်ဆေးတိုက်မှ ထုတ်ဝေ၍ ဆေးခန်း၊ ဗေဒင်ခန်းများကို အဓိကထား ကြော်ငြာထားသည်ကို တွေ့ရကြောင်းကို ဆရာကြီးရွှေဥဒေါင်းက "ဂျာနယ်မဂ္ဂဇင်းမှတ်တိုင်များ" စာတမ်းတွင် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါသည်။

စာပေနှင့်ဆက်စပ်စဉ်းစားလျှင် စာပေရေးသားသူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူ၊ စာဖတ်သူ စသည်ဖြင့် အဆင့်ဆင့်သော ကဏ္ဍများ၊ နီးနွှယ်ဆက်စပ်နေသည့် ကဏ္ဍစုံ၏ပုံရိပ်များကို တွေ့ရမည်ဖြစ်ပါသည်။

၁၁-၉-၂၀၀၉ရက်က မြန်မာစာပေလောကတစ်ခုလုံးနှင့် နီးနွှယ်ဆက်စပ်နေသည့် "စာနယ်ဇင်းထုတ်ဝေရေးလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ" ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ကြီးကြပ်ကာ "မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း" က ကြီးမှူးကျင်းပမည့် "စာနယ်ဇင်း ထုတ်ဝေရေး လုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲ" ကို ကျင်းပခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဦးမျိုးသန့် (ဆရာ မောင်ဆုရှင်)၏စာတမ်း၊ ဦးမျိုးအောင် (မျိုးအောင်-ရက္ခ)၏ စာတမ်း၊ ဒေါက်တာသာထွန်းဦး(တူဒေးစာအုပ်တိုက်)တို့၏ စာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။

စာနယ်ဇင်း ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ယခုပါဆိုလျှင် သုံးကြိမ်မြောက် ကြိုးပမ်းအားထုတ်မှုအဖြစ် တွေ့ရပါသည်။

စာပေအဖွဲ့အစည်းကြီးသည် ယနေ့ကာလတွင် စာရေးဆရာများ၊ ဂျာနယ် မဂ္ဂဇင်း အယ်ဒီတာများ၊ သတင်းထောက်များ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများဖြစ်သည့် ရုပ်/သံလွှင့်ဝန်ထမ်းများ၊ သတင်းစာ အယ်ဒီတာ၊ သတင်းထောက်များ၊ ကာတွန်းပညာရှင်များ ပါဝင်စုစည်း၍ ဗဟိုအဆင့်၊ မြို့နယ်အဆင့်ဖြင့် ရေးသားသူများကို စုစည်းထားနိုင်ခဲ့ပြီဖြစ်ပါသည်။ တစ်ဖက်က ပုံနှိပ်ထုတ်ဝေသူများကလည်း ထုတ်ဝေသူများကို စုစည်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ဤအဖွဲ့အစည်းနှစ်ခုသည် စာပေအသိပညာနှင့်ပတ်သက်၍ နိုင်ငံနှင့်လူမျိုး တိုးတက်လာရေး၊ အသိပညာအလိမ္မာဖြင့် မြန်မာတို့၏မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ဇာတိမာန်ထက်သန်ရေးကို ရှေးရှုကာ နိုင်ငံထူထောင်ရေး၊ နိုင်ငံတည်ဆောက်ရေးတွင် ကြီးမားကျယ်ပြန့်သည့် ကဏ္ဍကြီးတစ်ခုကို အားမာန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြကြောင်းကို ဤမည်သော နှီးနှောဖလှယ်ပွဲကြီးက သက်သေပြလျက်ရှိပါသည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် ၁၇-၉-၁၉၆၂ရက်နေ့မှ ၂၂-၉-၁၉၆၂ရက်နေ့အထိ စာပေဗိမာန်အဖွဲ့ကြီးတွင် ပထမအကြိမ်အားထုတ်မှုအဖြစ် "ထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ" ကို ကျင်းပခဲ့သည်။ ထိုနှီးနှောဖလှယ်ပွဲကြီးတွင် စာရေးဆရာများ၏စာမူခ၊ ပန်းချီပညာရှင်များ၏ ပန်းချီရေးဆွဲခ၊ မူပိုင်ခွင့်ကိစ္စ၊ စာအုပ်အမျိုးအစားကောင်းမွန်ရေး၊ စာကြည့်တိုက်များပေါ်ထွက်ရေး၊ ပုံနှိပ်လုပ်ငန်းတိုးတက်ရေး၊ စာနယ်ဇင်း၊ ရုပ်ရှင်၊ ရေဒီယိုကြော်ငြာခကိစ္စများ၊ စာအုပ်ထုတ်လုပ်ရာတွင် မှန်ကန်သော ပြိုင်ဆိုင်မှု၊ ဈေးနှုန်းသက်သက်သာသာဖြင့် စာဖတ်ပရိသတ်အကျိုးကို ဆောင်ခြင်း၊ စာအုပ်ဖြန့်ချိမှုတိုးတက်ရေး၊ မြန်မာနိုင်ငံရှိ စာရေးဆရာ၊ ပုံနှိပ်ထုတ်ဝေသူ၊ ပုံနှိပ်သူ၊ စာအုပ်ကုန်သည်၊ စာကြည့်တိုက်၊ ပန်းချီဆရာ၊ ဘလောက်ဆရာများ၏ စာရင်းတစ်ခုနှင့်ပုံနှိပ်ထုတ်ဝေပြီး ကျမ်းညွှန်းစာရင်းကြီးတစ်ခု ပေါ်ထွက်လာအောင် အသင်းအဖွဲ့များ စုပေါင်းကြိုးပမ်း အားထုတ်ကြရန် ဆုံးဖြတ်ချက် ရလဒ်ကောင်းများ ပေါ်ထွက်လာခဲ့ပါသည်။

ပထမအကြိမ် နှီးနှောဖလှယ်ပွဲ ရလဒ်ကောင်းများအပေါ်တွင် တည်မှီကာ ဒုတိယအကြိမ်ကြိုးပမ်းမှုအဖြစ် "စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲ" ကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှ ၁၃ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကြီးတွင် စာရေးသူ၊ ထုတ်ဝေသူနှင့်ပန်းချီအနုပညာရှင်၊ကွန်ပျူတာလုပ်ငန်းရှင်များအတွက် လိုအပ်သော ပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို နိုင်ငံတော်ကပြဋ္ဌာန်းသည့်အချိန်၌ လိုက်နာကျင့်သုံးကြရန်နှင့် ထိုသို့ပြဋ္ဌာန်းခြင်းမပြုမီ အနုပညာရှင်များ၊ လုပ်ငန်းရှင်များက လိုက်နာအပ်သော အစဉ်အလာရှိပြီး နီတိကျင့်ဝတ်နှင့်တကွ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ လိုက်နာကျင့်သုံးမှု ပျံ့နှံ့စေဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရန်။

စာပေထုတ်ဝေရေးလုပ်ငန်းအရပ်ရပ်တွင် ရှိပြီးအခြေခံကောင်းများကို အသုံးပြုလျက် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး ပိုမိုထိရောက်သော အခြေခံလူထုဆက်သွယ်ရေးအဆောက်အအုံအဖြစ် တည်ဆောက်သွားကြရန်မှာ ထုတ်ဝေရေးနယ်ပယ်နှင့်စပ်ဆိုင်သော ဝါသနာရှင်၊ ပညာရှင်၊ လုပ်ငန်းရှင်အားလုံး၏ အပြုသဘော ဆောင်ရွက်ရမည့်တာဝန်ဟု သဘောပေါက်ရန်။

ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲမျိုးကိုဖြစ်စေ၊ စာတည်းလုပ်ငန်း၊ စာပေထုတ်ဝေဖြန့်ချိ ရောင်းချခြင်းကဲ့သို့ လုပ်ငန်းကဏ္ဍတစ်ရပ်ရပ်နှင့် ဆိုင်သော နှီးနှောဖလှယ်ပွဲ၊ အလုပ်စခန်းဆွေးနွေးပွဲမျိုးကိုဖြစ်စေ၊ စာပေလောကဖွံ့ဖြိုးရေးအတွက် အခါအားလျော်စွာ ကျင်းပသွားရန်။

မြန်မာစာပေကို ပြည်ပသို့ထိုးဖောက်ဖြန့်ချိနိုင်ရေးအတွက် လိုအပ်သော ချိတ်ဆက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စီမံချက်များကိုရေးဆွဲလျက် အမျိုးသားရေးရှုထောင့်မှ အကောင်အထည်ဖော်နိုင်ရေးကို စတင်လုပ်ကိုင်ကြရန်။

အီလက်ထရွန်နစ် စာပေထုတ်ဝေရေးနည်းလမ်းဖြင့် စာပေထုတ်ဝေရေးကို မြန်မာစာပေ၊ မြန်မာမှုနှင့်မြန်မာ့ရုပ်သွင် နိုင်ငံတကာပျံ့နှံ့စေမည့် ကဏ္ဍတစ်ရပ်အဖြစ် လက်ငင်းဆောင်ရွက်ရန်။

အချုပ်အားဖြင့် များပြားကြွယ်ဝသော မြန်မာစာပေထုတ်ဝေရေးနယ်ပယ်တွင် စာပေလက်ရာများ၊ ကဗျာ၊ စကားပြေများ ထွန်းကားကျယ်ပြန့်လျက် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို စာပေအနုပညာ၊ ခေတ်မီစက်မှုနည်းပညာများဖြင့် ဝိုင်းဝန်းတည်ဆောက်ကြကာ ထိုသို့ တည်ဆောက်သောသူတို့၏ ပါဝင်စွမ်းဆောင်မှု အရည်အသွေးအလိုက် အကျိုးခံစားခွင့်၊ အသိအမှတ်ပြုခွင့် တူညီစွာရရှိစေရန် စည်းကမ်းတကျ ဆောင်ရွက်ပေးရန် စသည်တို့ကို ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ဒုတိယအကြိမ် အဆိုပါထုတ်ဝေရေးနှီးနှောဖလှယ်ပွဲတွင် စာရေးသူကဏ္ဍဆိုင်ရာ၊ တည်းဖြတ်သူကဏ္ဍဆိုင်ရာ၊သရုပ်ဖော်သူကဏ္ဍဆိုင်ရာ၊ ပုံနှိပ်ထုတ်ဝေသူကဏ္ဍဆိုင်ရာ၊ ထုတ်ဝေသူကဏ္ဍဆိုင်ရာ၊ ရောင်းချဖြန့်ချိကဏ္ဍဆိုင်ရာ၊ စာကြည့်တိုက်ကဏ္ဍဆိုင်ရာဟူသည့် ကဏ္ဍခုနစ်ဆင့်၏ ဆက်နွှယ်မှုများကို တင်ပြခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။

ယခု တတိယအကြိမ် နှီးနှောဖလှယ်ပွဲကြီးသည် ပထမအကြိမ်မှသည် ဒုတိယအကြိမ်၊ ဒုတိယအကြိမ်မှသည် တတိယအကြိမ်၏ ကောင်းသော၊ တိုးတက်သော အကျိုးဆက်တို့ကို ဖော်ဆောင်နိုင်ခဲ့သည်မှာ မြေကြီးလက်ခတ် မလွဲဟု ဆိုချင်ပါတော့သည်။ ။

မြန်မာစာပေကို ပြည်ပသို့ ထိုးဖောက်ဖြန့်ချိနိုင်ရေးအတွက် လိုအပ်သော ချိတ်ဆက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ စီမံချက်များကို ရေးဆွဲလျက် အမျိုးသားရေးရှုထောင့်မှ အကောင်အထည်ဖော်နိုင်ရေးကို စတင်လုပ်ကိုင်ကြ။

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျေးလက်လမ်း၊ တံတားများအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ဩဂုတ် ၂၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာဦးမိုးရန်နိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉၆၉-၁၉၇၄) ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ရန်ကုန်ပညာရေးတက္ကသိုလ် ၁၉၆၉-၁၉၇၄ခုနှစ် (၁၉၆၉ခုနှစ် တက်ရောက်သူများ၊ ၁၉၇၄ခုနှစ် ပညာရေးဘွဲ့ရရှိသူများ)ကျောင်းသားကျောင်းသူဟောင်းများ (ပဥ္စမအကြိမ်) တွေ့ဆုံပွဲနှင့် ပညာရေးတက္ကသိုလ် စတင်တက်ရောက်ခဲ့သည့် နှစ်(၄၀)ပြည့် (ပတ္တမြားရတု) အထိမ်းအမှတ်ပွဲများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့၌ အောက်တိုဘာ၁၀ရက်(စနေနေ့) နံနက် ၈နာရီတွင် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံ နားနေဆောင်၌ကျင်းပပြီး အောက်တိုဘာ ၃၀ရက် ညနေတွင် ရန်ကုန်မြို့မှကားဖြင့် ခရီးထွက်ခွာပြီး ၃၁ရက်တွင် မန္တလေးမြို့၌ နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပွဲ ကျင်းပမည်ဖြစ်သည်။ သက်ဆိုင်သူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လိုက်ပါကြရန်နှင့် လက်ဆောင်ပစ္စည်းများ လဲလှယ်ရန် အစီအစဉ်ပါ၍ ကြိုတင်ယူဆောင်လာပြီး သိရှိလိုသည်များကို ဦးကျော်သောင်း ဖုန်း-၅၅၂၂၉၇၊ ဦးခင်ရင်မောင် ဖုန်း-၇၀၅၄၉၅၊ ဒေါ်ခင်လှဲလှဲကြည် ဖုန်း-၅၃၄၄၆၉၊ ဒေါ်အေးအေးလတ် ဖုန်း-၅၀၃၁၃၆၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉၊ ဒေါ်အေးအေးရီ ဖုန်း-၅၈၅၀၉၂၊ ဒေါ်မြမြမေ ဖုန်း-၃၇၅၃၅၀၊ ဒေါ်သန်းသန်း ဖုန်း-၀၉-၅၁-၉၈၆၆၃၊ ဒေါ်ဝေဝေရီ ဖုန်း-၀၇၅-၂၁၀၉၂၊ ဒေါ်ထွေးထွေးသန်း ဖုန်း-၀၉-၂၀-၃၅၇၀၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ စက်တင်ဘာ ၁၀ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူ၌ ယာဉ်နှင့် လမ်းစည်းကမ်းပညာပေး

ကန့်ဘလူ စက်တင်ဘာ ၂၆

ကန့်ဘလူမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၁ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုး၊ မြို့နယ်ဒုတိယတရားသူကြီး ဦးလှတိုး၊ မြို့နယ်ဥပဒေအရာရှိဦးအောင်သျှန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးမင်းဆွေအောင်နှင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးမောင်သန်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်း လိုင်စင်၊ ယာဉ်နှင့်စက်ယန္တရားကြံ့ခိုင်ရေးဥပဒေ နည်းဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ မြို့ပြ လမ်းတံတား ဆည်မြောင်းဥပဒေ နည်းဥပဒေနှင့် တားမြစ်ကန့်သတ်ချက်များကို ဟောပြောကြသည်။ (၀၂၇)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော မင်းဘူးမြို့ သာယာလှပရေးလုပ်ငန်းဖြစ်သည့် တောင်လှည်းကောက်လမ်းဆုံ တြိဂံမြေယာရှုခင်းအလှဆောင်ရွက်ထားမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမျိုးသန့်ဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဩဝါဒါစရိယ၊ မန္တလေးတိုင်း၊ မြင်းခြံခရိုင် မြင်းခြံမြို့နယ် သာသနဇောတိကာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ဖောင်းကားကျေးရွာ၊ ခမည်းတော် ဦးဘမောင်၊ မယ်တော်ဒေါ်ရွှေနှင်းတို့မှ ၁၂၈၈ ခုနှစ် ပြာသိုလပြည့်ကျော်၇ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၁ ခုနှစ်တွင် လည်ပေါ်ကျောင်းတိုက် ဆရာတော် ဦးကေလာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၈ ခုနှစ်တွင် ယင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ လည်ပေါ်ကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြင်းခြံမြို့နယ် သမုန်းကိုင်းကျောင်းဆရာတော်၊ ဖောင်းကားတောင်ကျောင်းဆရာတော်၊ မြင်းခြံမြို့နယ် သာသနဇောတိကာရုံကျောင်းဆရာတော်၊မန္တလေးမြို့ ဘုရားကြီးတိုက်ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ စာမေးပွဲများ အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် လည်းကောင်း၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယနှင့် ပုစ္ဆကအဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှစ၍ ဆဋ္ဌမအကြိမ်အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော် အစိုးရက ၁၃၆၀(၁၉၉၉)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါအရ (၁၃၇၁ခုနှစ် သီတင်းကျွတ်လဆန်း ၆ရက်) ၂၄-၉-၂၀၀၉ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီ ၃၀ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နေပြည်တော် မြန်မာ့အသံ

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
(၂၈-၉-၂၀၀၉)

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် **(ဓဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၉း၀၀ အစီအစဉ်ပြီး၏။
- ၁၀း၀၀ **(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာရန် ကာလပေါ်၊ ခေတ်ဟောင်းတေး**
- ၁၀း၁၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား(ဝင်ငွေတိုးဖို့ မှိုစိုက်စို့)
- ၁၀း၅၅ တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (သဘာဝပစ္စည်းများနှင့်အလှပြင်မယ်)
- ၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (ကြယ်နှင့်အာကာသသိပ္ပံ အပိုင်း-၂)
- ၁၁း၄၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
- ၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (ရှေ့နေချုပ်ရုံး) တေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ ပညာရေးအစီအစဉ်(စတုတ္ထတန်း-သိပ္ပံ) တေးပဒေသာ
- ၁၃း၃၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၄း၀၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (မျက်မြှေးရောင်ခြင်း) ဇာနည်စစ်သည်တေးပန်းချီ
- ၁၇း၁၀ သတင်းစာဆောင်းပါး
- ၁၇း၂၅ ညနေခင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
- ၁၈း၃၀ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ရေဒီယိုအတိတ်တေးအရိပ် နိုင်ငံရေးဦးတည်ချက်
- ၁၉း၂၅ ပြုံးပဒေသာ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ကင်းကောင်တို့ဇနီးမောင်နှံ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁း၀၀ **(၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာရန် မဟာဂီတ** လူမှုရေးဦးတည်ချက်
- ၂၁း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၄၀ တေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

ဆေးတက္ကသိုလ်(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၆

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ(၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ခုနှစ် ပထမ အမ်ဘီအတန်းသားများ)၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ဒေါက်တာလွင်ဟန် ဖုန်း-၀၉-၅၀-၂၀၁၁၆၊ ဒေါက်တာခိုင်မာမြင့် ဖုန်း-၀၁-၅၃၅၇၇၄၊ ဒေါက်တာခင်ခင်စိုး ဖုန်း-၀၉-၅၁-၃၁၂၁၇၊ ဒေါက်တာမိုးအောင် ဖုန်း-၀၉-၅၁-၅၂၆၇၁၊ ဒေါက်တာစိုးထွန်း ဖုန်း-၀၉-၅၀-၄၁၉၃၄၊ ဒေါက်တာ မောင်မောင်လတ် ဖုန်း-၀၉-၅၀-၀၇၂၄၉၊ ဒေါက်တာမြင့်မြတ်ထွန်း ဖုန်း-၀၉-၅၀-၂၁၇၁စနှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်၍ ပါဝင်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရင်တာ အမျိုးအစားအသစ်များ အိုင်တီဈေးကွက်တွင် စတင်ရောင်းချ

ရန်ကုန် စက်တင်ဘာ ၂၆

Epson ၏ ပရင်တာထုတ်ကုန်သစ်များ မြန်မာနိုင်ငံ အိုင်တီဈေးကွက်တွင် စတင်ရောင်းချဖြန့်ဖြူးသည့် အခမ်းအနားကို စက်တင်ဘာ ၂၃ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် မြန်မာမင်္ဂလာခန်းမ၌ကျင်းပရာ အခမ်းအနားတွင်Client Focus Marketing Pte Ltd မှ Mr. Francis Au SengHuat ကမိတ်ဆက်အမှာစကား ပြောကြားပြီး **(အောက်ယာပုံ)**Client Focus Technology GroupCo.,Ltdမှ အရောင်းမန်နေဂျာဦးမိုးအောင်ဇော်က Epsonမှအသစ်ထုတ်လုပ်ထားသော အဆင့်ဂျက်ပရင်တာများဖြစ်ကြသည့် Epson Stylus™ TX111, Epson Stylus™ TX210, Epson Stylus™ TX 550W, Espon Stylus ™ Photo T60နှင့် Epson Stylus™ Photo TX700W ပရင်တာများအကြောင်းကို ရှင်းလင်းတင်ပြသည်။

Epson ပရင်တာများတွင် အိမ်သုံးနှင့် စီးပွားရေးလုပ်ငန်းငယ်များ၌ အသုံးပြုနိုင်ရန်အတွက် ပရင်တာမော်ဒယ်သုံးမျိုးနှင့် ဓာတ်ပုံလုပ်ငန်းသုံးအတွက် ပရင်တာမော်ဒယ်နှစ်မျိုးတို့ ပါဝင်သည်။ အိမ်သုံးပရင်တာများအနက် Epson Stylus™ TX 111သည် အသုံးပြုသူများကို အချိန်ကုန်သက်သာစေမည့် ပရင်တာဖြစ်သည်။ တစ်မိနစ်လျှင် စာမျက်နှာ(၃၀)အထိ ပုံနှိပ်ပေးနိုင်သည်။ Epson Stylus™ TX 210မှာမူ အသုံးပြုသူများ ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်ချက်ဖြင့်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ပရင်တာတစ်လုံးတည်းဖြင့် ပုံနှိပ်ခြင်း၊ ကော်ပီကူးခြင်း၊စကင်ဖတ်ခြင်းစသည့်လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးနိုင်သည်။ Epson Stylus™ TX 550Wသည် အမျိုးအစားအတိုင်းဆောင်ရွက်ပေးနိုင်သည့်အပြင် ကြိုးမဲ့ချိတ်ဆက်မှု (wireless networking) စနစ်ကို အသုံးပြုနိုင်သည့် စွမ်းဆောင်ရည် ပါရှိသည်။

စီးပွားရေးလုပ်ငန်းသုံးနှင့် ဓာတ်ပုံလုပ်ငန်းသုံးအတွက် ပရင်တာနှစ်မျိုးဖြစ်သော Epson Stylus™ Photo T60 နှင့် Epson Stylus™ Photo TX 700Wတို့သည် ဓာတ်ပုံပရင်တာအနေဖြင့်သာ ထုတ်လုပ်ထားသည်။ ပရင်တာနှစ်မျိုး စလုံးတွင် မင်အရောင်ခြောက်မျိုး အသုံးပြုနိုင်သဖြင့် မင်အရောင်အမျိုးမျိုးကို ကွဲပြားစွာ အသုံးပြုနိုင်သည်။ Photo TX 700W အမျိုးအစားတွင် Pict-bridge function နည်းပညာကို အသုံးပြုထားသဖြင့် ဒစ်ဂျစ်တယ်ကင်မရာမှ ဓာတ်ပုံများ၊ တယ်လီဖုန်းမှ ရိုက်ထားသော ဓာတ်ပုံများကို ကြိုးဖြင့်ချိတ်ဆက်စရာမလိုဘဲ တိုက်ရိုက်ပုံနှိပ်ထုတ်ယူနိုင်သည့်အပြင် CD နှင့် DVD များပေါ်သို့လည်း ဓာတ်ပုံများကို တိုက်ရိုက်ကူးယူနိုင်သည်။

ယခုမိတ်ဆက်တင်ပြသော ပရင်တာနှင့် မင်များကို မြန်မာတစ်နိုင်ငံလုံးရှိ ကွန်ပျူတာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Client Focus Technology Co., Ltd ဖုန်း-၂၁၅၂၄၇၊ ၀၉-၈၆-၁၀၈၆၈ တို့သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၀၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

၂၀၀၉ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက စက်တင်ဘာ ၂၅ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို **“ဆရာခေတ်မီ ပြည်သစ်တည်”** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း(မြင့်-ရွှေဘို)၊ ဒုတိယဆုကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမဒေါ်မိုးမိုးဆင့်နှင့် တတိယဆုကို ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခိုင်စုစုထွန်း(စု-ပုသိမ်)တို့က ရရှိကြသည်။

အလယ်တန်းအဆင့်

အခြေခံပညာအလယ်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ပဲခူးတိုင်း(အနောက်ပိုင်း)နတ်တလင်းမြို့နယ် ကျောင်းကြီးအခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းပြ ဆရာဦးညွန့်ဝင်း(ညွန့်ဝင်း-နတ်တလင်း)၊ ဒုတိယဆုကို မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးသန်းစိုး(သန်းစိုးအောင်)နှင့် တတိယဆုကို မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမဒေါ်ဝင်းဝင်းသိန်းတို့က ရရှိကြသည်။

အထက်တန်းအဆင့်

အခြေခံပညာအထက်တန်းအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ပြည်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်အေး၊ ဒုတိယဆုကို မြစ်ကြီးနားမြို့မှ အငြိမ်းစားအထက်တန်းကျောင်းအုပ်ကြီး ဦးပေါ်မြင့် (ကောက်ရိုးနွယ်-ရွှေကူ)နှင့် တတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုး အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စောယုကျော်တို့က ရရှိကြသည်။

အဆင့်မြင့်ပညာအဆင့်

အဆင့်မြင့်ပညာအဆင့် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆုကို ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်း(မောင်သန်းဝင်း- ရန်ကုန်တက္ကသိုလ်)၊ ဒုတိယဆုကို ပုသိမ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)နှင့် တတိယဆုကို မန္တလေးပညာရေးကောလိပ် မြန်မာစာဌာနမှ နည်းပြ ဦးမြင့်မျိုး (အေးငြိမ်းကို)တို့က ရရှိကြသည်။

စာစီစာကုံးပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **“ဆရာ့ဂုဏ်အင် ကျေးဇူးရှင်”** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ထက်အောင်လင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်း ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ရှိန်းကိုနောင်နှင့် တတိယဆုကို ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့ အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မနှင်းအိရွှေရည်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **“ဆရာ့ဂုဏ်အင် ကျေးဇူးရှင်”** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို မန္တလေးတိုင်း ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မတင်ဝါဝါဝင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမိုးမိုးဦးနှင့် တတိယဆုကို မကွေးတိုင်း ချောက်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ထ(ခွဲ)မှ ဆဋ္ဌမတန်းကျောင်းသူ မကေသရီအောင်တို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **“ရှေ့ဆောင်လမ်းပြ ဆရာ့ဘဝ”** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တောင်ငူပညာရေးကောလိပ်မှ DTEd ဒုတိယနှစ် သင်တန်းသူ မဖြိုးသီရိအောင်၊ ဒုတိယဆုကို မိတ္ထီလာပညာရေးကောလိပ်မှ DTEd ဒုတိယနှစ်သင်တန်းသား မောင်နွေအောင်နှင့် တတိယဆုကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် B.Ed စတုတ္ထနှစ် သင်တန်းသူ မနန်းမြတ်မွန်ဦးတို့က ရရှိကြသည်။

ကဗျာပြိုင်ပွဲ

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **“ဆီမီးကုဋေ ထွန်းသူများ”** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနန်းစုမြတ်နိုး၊ ဒုတိယဆုကို စစ်ကိုင်းတိုင်း ကသာမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မဖူးဝေနိုင်နှင့် တတိယဆုကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနန်းရွှေစင်ထက်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **“ဆီမီးကုဋေ ထွန်းသူများ”** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဖြိုးပြည့်လင်း၊ ဒုတိယဆုကို ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့ ကျီးသဲအခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မဖြူစင်သန့်နှင့် တတိယဆုကို ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မဆုဇင်ဇင်စိုးတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **“အနာဂတ်ဘဝသခင် ကျေးဇူးရှင်”** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ B.Ed စတုတ္ထနှစ် သင်တန်းသား မောင်ရန်နိုင်စိုး၊ ဒုတိယဆုကို လှည်းကူးပညာရေးကောလိပ်မှ DTEd ဒုတိယနှစ် သင်တန်းသား မောင်ချမ်းမြေ့လွင်နှင့် တတိယဆုကို တောင်ငူပညာရေးကောလိပ်မှ DTEd ဒုတိယနှစ်သင်တန်းသူ မဖြိုးသီရိအောင်တို့က ရရှိကြသည်။

သတင်းပေးပို့

ဆုရရှိသူများသည် ၂၀၀၉ခုနှစ် အောက်တိုဘာ ၁ရက်(ကြာသပတေးနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချန်ပီယံဘာကာ နိုင်ပွဲတွေ့ပြီး အာကြီးနိုင်ပွဲဆက်မယ့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၂)

သုံးသပ်ရေးသားသူ - ထွန်းထွန်းဦး (လှိုင်)   စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင် (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၆

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ် (၂) (၃၀-၉-၂၀၀၉ ရက်၊ နံနက် ၁း၁၅)

ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၂)မှာတော့ အသင်းတွေအားလုံး နောက်တစ်ဆင့်တက်နိုင်ဖို့ကို ကြိုးစားရဦးမှာပါ။ ပွဲစဉ်(၁)မှာ အနိုင်ရထားတဲ့အသင်းတွေ၊ သရေကျထားတဲ့ အသင်းတွေအပြင် အရှုံးနဲ့ရင်ဆိုင်ထားကြရတဲ့ အသင်းတွေက ဒီပွဲစဉ်မှာ ထပ်မံအားစိုက်ကစားပြီး ရလဒ်ကောင်းတွေရဖို့ လုပ်ရဦးမှာဖြစ်နေတယ်။ စက်တင်ဘာ ၃၀ရက်မှာတော့ ရုရှားမြေပေါ်မှာနွှဲရမယ့် အင်တာမီလန်ရဲ့ရုန်းထွက်အားဟာ ရူဘင်ကာဇန်ကို ကျော်ဖြတ်နိုင်ဖို့ရှိမလားဆိုတာရယ် ဘာစီလိုနာနဲ့အာဆင်နယ်တို့ရဲ့ အိမ်ကွင်းကစားအားဟာ ပြိုင်ဘက်တွေကို ဂိုးပြတ်နဲ့အသာရနိုင်ဦးမလားဆိုတာ စောင့်ကြည့်ရမှာပါ။

အုပ်စု(စ)
ရူဘင်ကာဇန်-အင်တာမီလန်

ရုရှားကလပ် ရူဘင်ကာဇန်ဟာ ရုရှားကလပ်ပီပီ အိမ်ကွင်းမာကျောမှု အပြည့်ရှိတဲ့ အသင်းပါ။ ကစားသမားကောင်းတွေ နည်းပါးပေမယ့် အသင်းလိုက်ကစားပုံကတော့ ထက်မြက်မှုရှိတယ်။ ဆီဗက်အစရှိတဲ့ ကစားသမားတွေဟာ ဘူဟာရော့ဗ်နဲ့ ဒိုဗင်းဂွတ်ဇ်တို့လိုပဲ အသင်းကို အကောင်းဆုံး အထောက်အပံ့ဖြစ်စေတဲ့ ကစားသမားတွေပါ။ ဒါပေမယ့် ဒီနှစ်ထဲမှာ ရူဘင်ကာဇန်ရဲ့ ဂိုးသမားဖြစ်တဲ့ ရိုက်မီကော့ဗ်ဟာ နောက်တန်းကစားသမား

အသင်းပြောင်းကစားပေမယ့် ခြေစွမ်းမပြောင်းတဲ့ အင်တာမီလန်ရောက် တိုက်စစ်မှူး အီတူး။

တွေနဲ့ အချိတ်အဆက် အနည်းငယ်လွဲနေတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အင်တာမီလန်ရဲ့ ထိုးစစ်ကို တောင့်ခံထိန်းချုပ်ဖို့ လွယ်ပါ့မလား။ အင်တာမီလန်ရဲ့ ကစားအားက ရူဘင်ကာဇန် ထက်သာတယ်၊ မြန်တယ်၊ ထိုးစစ်ကစားပုံကောင်းတယ်။ ဒါကြောင့် အီတူး၊ ရှနိုက်ဒါ၊ စတန်ကိုဗစ်အပြင် ဘာလော့တယ်လီတို့ရဲ့ ရှန်းအားနဲ့ ဒုက္ခပေးနိုင်ဖို့ဆိုတာ မခက်ဘူး။ ဒါကြောင့် ရူဘင်ကာဇန်ဟာ ခြေရည်တူ ယှဉ်နိုင်တဲ့ အနေအထားမှာ ရှိပေမယ့် အတွေ့အကြုံနဲ့ သမ္ဘာကြောင့် အခုပွဲစဉ်မှာ အင်တာရဲ့ ဂိုးသွင်း ပါးနပ်မှုတွေက အိမ်ကွင်းမှာ အရှုံးတွေ့သွားနိုင်ပါသေးတယ်။

ဘာစီလိုနာ-ဒိုင်နမိုကိဗ်

သရေတစ်မှတ်ရထားတဲ့ ချန်ပီယံ ဘာကာနဲ့ ဒိုင်နမိုကိဗ်တို့ဟာ အခုပွဲမှာ အကြိတ်အနယ် ကစားဖြစ်ဦးမှာပါ။ ဒိုင်နမိုကိဗ်မှာ ရက်ဗ်ချင်ကိုလို ကစားသမားက ရောက်နေတော့ လူတိုင်းစိတ်ဝင်စားနေသလို နည်းပြဂါ့ဒ်အယက်ကလည်း နည်းပြကောင်းတစ်ဦးဖြစ်နေလို့ လျှော့တွက်လို့မရဘူး။ ဘာစီလိုနာ မြေပေါ်မှာ လာကစားရတယ်ဆိုပေမယ့် သူတို့ဟာ အီရီမန်ကို၊ အယ်လ်ဗိုက်ဒါး၊ ယူစွတ်မီလတ်ဗ်စကီးတို့ရဲ့ အားနဲ့ တန်ပြန်တိုက်စစ်မှာ အားပြုပြီး ဘာစီလိုနာကို ဒုက္ခပေးနိုင်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာဟာ အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်ရဲ့ဖိအားပေးကစားမှုကို ရအောင် ရုန်းထွက်တဲ့ အသင်းဆိုတော့ ကိဗ်ရဲ့ ဖိအားပေးမှုကိုရအောင် ကျော်ဖြတ်မှာပါ။ မက်ဆီ၊ အီဘရာဟင်မိုဗစ်ချ်၊ အွန်နရီ၊ ဇာဗီ၊ အင်နီယေစတာ အစရှိတဲ့ ကစားသမားတွေက တိုက်စစ်သန်တဲ့သူတွေဖြစ်နေတော့ ဂွါဒီယိုလာဟာ သူတို့နဲ့ပဲ ဒီပွဲမှာ အနိုင်ရအောင်လို့ လုပ်ဦးမှာပါ။ ဒါကြောင့် ဧည့်သည်ထက် အိမ်ရှင်ကိုပဲ သဘောကျမိလို့ ဒီပွဲအတွက် ချန်ပီယံ ဘာစီလိုနာကိုပဲ ရွေးထားချင်ပါတယ်။

အုပ်စု(င)
ဒီဘရီစီနီ -လီယွန်

လီဗာပူးလို အသင်းကိုတောင် ဂိုးသွင်းခွင့် များများစားစား မပေးတဲ့ အသင်းကို လီယွန်ဟာ အဝေးကွင်းမှာ ကစားရတာ လွယ်ကူနိုင်ဖို့ ခက်နေနိုင်ပါသေးတယ်။ ဒီဘရီစီနီဟာ အတွေ့အကြုံ သိပ်မရှိပေမယ့် စိတ်ဓာတ်နဲ့အသင်းလိုက် ကစားပုံကတော့ မာတယ်။ ခံစစ်ကစားပုံလည်းကောင်းတော့ လီယွန်အနေနဲ့ ဂိုမစ်၊ လက်ဇန်ဒရီ၊ ပန်ဂျစ် စတဲ့ကစားသမားတွေ ထုတ်သုံးတာတောင် အဝေးကွင်းမှာ ဂိုးရအောင် ကစားနိုင်မလားပဲ။ ဟန်ဂေရီကလပ်ဟာ အိမ်ကွင်းအားသာချက်ကရှိနေတော့ အဲဒီအရှိန်နဲ့ ဖိအားပေးကစားသွားနိုင်တာကို မေ့ထားလို့မရဘူး။ လီယွန်အနေနဲ့တော့ ဒီပွဲစဉ်မှာ ဒီဘရီစီနီရဲ့ ပိတ်ကစားမှုနဲ့ အိမ်ကွင်းပရိသတ်အရှိန်ကြောင့် သရေကျဖို့က ရာခိုင်နှုန်းများပါတယ်။

ဖီအိုရင်တီးနား-လီဗာပူး

ပွဲဦးထွက်မှာ ဖီအိုရင်တီးနားက လီယွန်ကို ရှုံးထားလို့ ဒီပွဲမှာ လီဗာပူးလို အသင်းမျိုးကို အိမ်ကွင်းအရှိန်နဲ့ ပြန်ပြီး ဖိအားပေး ကစားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖီအိုရင်တီးနားမှာ ဂီလာဒီနို မပါနိုင်ပေမယ့် မူတူးတို့လို ကစားသမားတွေ ကျန်နေသေးသလို ဗားဂတ်စ်နဲ့ မာချီယွန်နီတို့ ရှိနေသေးတယ်။ လီဗာပူးရဲ့ ခြေစွမ်းကတော့ အဝေးကွင်း

ဘာကာရဲ့ အသည်းကျော်ဖြစ်လာသော တိုက်စစ်မှူး မက်ဆီရဲ့ ကျွမ်းကျင်သော ဘောလုံးထိန်းသိမ်းဟန်။

မှာ ထိုးစံအတိုင်း တောရက်စ်၊ ရီရာ၊ ဒက်ကွတ် တို့ရဲ့အားနဲ့ ကစားမှာပါ။ ပွဲကတော့ အကြိတ်အနယ် ကစားရဖို့ရှိတယ်။ ပြီးတော့ ဖိအားပေးနိုင်ဖို့များတာက အိမ်ရှင်ပါ၊ ဂိုးရဖို့တော့မလွယ်ဘူး။ အိမ်ရှင်အသင်းအနေနဲ့ ပိုကြိုးစားရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ လီဗာပူး ခံစစ်က ကျစ်လျစ်လွန်းလို့ပါပဲ။ နောက်တစ်ချက်က အိမ်ကွင်းအရှိန်နဲ့ တရစပ်ဖိအားပေးလာမယ့် အိမ်ရှင်ကို လီဗာပူး ကတန်ပြန် တိုက်စစ်နဲ့ ဒုက္ခပေးသွားဖွယ်ရှိနေလို့ပါပဲ။ ဒါတွေကြောင့် အိမ်ရှင်ဟာ ဒီပွဲမှာသရေ ရရင် ကျေနပ်ဖို့ရှိနေလို့ လူစုံတဲ့ဧည့်သည် လီဗာပူးရဲ့ ထိုးစစ်က ဂိုးရသွားမှာပါ။

လီဗာပူးတိုက်စစ်မှူး တောရက်စ်၏ အားမာန်အပြည့် ထိုးဖောက် ကစားဟန်။

အုပ်စု(ဆ)
ယူရီနီယာ-စတုဂတ်

ဆီဗီလာကို အရေးနိမ့်ထားတဲ့ ရိုမေးနီးယားကလပ် ယူရီနီယာဟာ စတုဂတ်လို ဂျာမန်ကလပ်ကို ကစားအားချင်း မမျှတတောင်မှ ရှိတဲ့ကစားအားနဲ့ ဖိအားပေးမှာဖြစ်နေပါတယ်။ ဒါကြောင့်လည်း စတုဂတ်တို့ ရိုမေးနီးယားကလပ်ကို အဝေးကွင်းမှာ ထင်သလောက် ဖိအားပေးကစားနိုင်ဖို့ ဆိုတာ မလွယ်လောက်ပါဘူး။ စတုဂတ်ဟာ အဝေးကွင်းမှာ ခံစစ်ဦးစားပေး ကစားရမှာပါ။ ယူရီနီယာကတော့ အတွေ့အကြုံ မရှိပေမယ့် စိတ်ဓာတ်နဲ့ ပရိသတ်အားကို အခြေခံပြီး ကစားမှာဖြစ်နေတော့ စတုဂတ်ကို မရမက အသာရအောင် ကစားမှာဖြစ်နေတယ်။ သရေကျရင်ပဲ ကျေနပ်ပျော်ရွှင်နိုင်မယ့် အနေအထားတွေက ရှိနေသေးတာကို ထည့်တွက်မိတော့ အိမ်ရှင်အသင်းရဲ့ အိမ်ကွင်းအရှိန်က အားသာသွားနိုင်ပါလိမ့်မယ်။

ရိန်းဂျား-ဆီဗီလာ

ဆီဗီလာရဲ့ထိုးစစ်မှာ ဖေဘီယာနိုရှိနေသေးသရွေ့ ဘယ်ပြိုင်ဘက်ကိုမဆို ကြောက်စရာမလိုတော့ဘူး ဖြစ်နေလို့ ဆီဗီလာရဲ့ကစားဟန်ဟာ အဝေးကွင်းမှာ တော်တော်လေးကို တက်တက် ကြွကြွ ရှိနိုင်တယ်။ ဒါကြောင့် အိမ်ရှင်ရိန်းဂျားဟာ ခံစစ်ပိုင်းမှာ ဟာကွက်မရှိအောင် ဂရုစိုက်ဖို့လိုတယ်။ ရိန်းဂျားဟာ ဂိုးသွင်းနိုင်စွမ်းပြည့်ဝတဲ့ ကစားသမားတွေ ရှိပေမယ့် ခြေမှန်မရတတ်လို့ ဆီဗီလာခံစစ်ကို ထိုးဖောက်ရာမှာ လွယ်လင့်တကူနဲ့ ခြေစွမ်းအသာရနိုင်ပါ့မလား။ ဆီဗီလာကလည်း ဂိုးရအောင် နည်းမျိုးစုံနဲ့ ကြိုးစားမှာဖြစ်နေတော့ ရိန်းဂျားအနေနဲ့ ဒီပွဲမှာ အိမ်ရှင်ဖြစ်နေတာတောင် အနိုင်မရနိုင်ဘဲ တစ်မှတ်စီသာ ခွဲယူရဖို့များပါတယ်။

အုပ်စု(ဇ)
အာဆင်နယ်-အိုလံပီယာကော့စ်

အိုလံပီယာကော့စ်အနေနဲ့တော့ ဂရိကလပ်ပီပီ အာဆင်နယ်ဆီကနေ သရေတစ်မှတ်ရယူဖို့ ခံစစ်ပိုင်း အမှားမရှိရအောင် အားပြုကစားရင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်နေပါတယ်။ အာဆင်နယ်ကတော့ အက်ဒ္ဒါဒိုဆေးလ်ဗားပွဲပယ်ပြစ်ဒဏ် လွတ်မြောက်သွားလို့ တိုက်စစ်ပိုင်းမှာ အင်ပြည့်အားပြည့် ရှိနေတာကြောင့် အိမ်ကွင်းကစားရမယ့် ဒီပွဲမှာ အမှားမရှိရအောင် တိုက်စစ်ကို သေသေသပ်သပ်နဲ့ ကစားသွားနိုင်ပါသေးတယ်။ အာဆင်နယ်ဟာ ချန်ပီယံလိဂ်လို ပြိုင်ပွဲမျိုးမှာ ပရိသတ်အကြိုက် လိုက်ကစားတတ်တဲ့ အသင်းဖြစ်နေတော့ ဂရိကလပ်အဖို့ ပြိုင်ဘက်အာဆင်နယ်ကို အဝေးကွင်းမှာ ထိန်းချုပ်ဖို့ဟာ ခက်ပြီလို့ ဆိုရပါလိမ့်မယ်။ အာဆင်နယ်ကသာ ရှိတဲ့ ကစားသမားတွေနဲ့ ပရီမီယာလိဂ်ကလပ်အသင်းပီပီ အနိုင်ရအောင် ကစားသွားဖို့ ရှိနေတဲ့ပွဲ ဖြစ်ပါတယ်။ အာဆင်နယ် အလေးသာပါတယ်။

အာဆင်နယ်အသင်း၏ အဓိက တိုက်စစ်မှူးဖြစ်လာသော ဗန်ပါစီ၏ ဘောလုံးကစားဟန်။

အယ်လ်ကမာ-စတန်းဒက်လိဂ်

ဘယ်လ်ဂျီယံ ကလပ်ဟာ အာဆင်နယ်အပေါ်မှာ အိမ်ကွင်းအရှိန်နဲ့ တရစပ်ဖိအား ပေးခဲ့ပေမယ့်လည်း နယ်သာလန်ကလပ် အယ်လ်ကမာ မြေပေါ်မှာတော့ ဘယ်လိုမှကို ဖိအားပေးနိုင်မယ် မထင်မိဘူး။ ဂိုးသမားနဲ့ ခံစစ်က အမှားမှား အယွင်းယွင်းတွေဖြစ်နေတာကြောင့် ကိုးလ်မင်းရဲ့ အယ်လ်ကမာ အသင်းအပေါ်မှာ ခြေစွမ်းပြကစားဖို့ ခက်နေပါပြီ။ တန်ပြန်တိုက်စစ် တစ်ခုတည်းသာ အားထည့်ကစားရမယ် စတန်းဒက်လိဂ်အဖို့တော့ မသေချာတာတွေနဲ့ ကြုံရနိုင်သေးတယ်။ အယ်လ်ကမာရဲ့ တိုက်စစ်က အိမ်ကွင်းမှာဆိုရင် မာမာထန်ထန်ရှိတတ်သလို တိုက်စစ်လည်း မြန်ဆန်လွန်းတာကြောင့် ဧည့်သည်အသင်းကို ဖိအားပေးဖို့ မခက်နိုင်သလို အနိုင်သုံးမှတ်ရယူဖို့အထိပါ စွမ်းဆောင်သွားနိုင်ပါတယ်။ ။

(မြန်မာ့အလင်း)

(၁၅)ကြိမ်မြောက် အာရှအကြီးတန်း အမျိုးသားတံခွန်စိုက်ဘော်လီဘောယှဉ်ပြိုင်ရန် မြန်မာအဖွဲ့ ဖိလစ်ပိုင်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၆

(၁၅)ကြိမ်မြောက် အာရှအကြီးတန်း အမျိုးသားတံခွန်စိုက် ဘော်လီဘောပြိုင်ပွဲကို စက်တင်ဘာ ၂၆ရက်မှ အောက်တိုဘာ ၅ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာဘော်လီဘောအဖွဲ့ သွားရောက်ယှဉ်ပြိုင်ရန် စက်တင်ဘာ ၂၄ရက် နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

အဆိုပါအဖွဲ့တွင် အုပ်ချုပ်သူ ဦးသိန်းဝင်း၊ နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးရဲမြင့်၊ လေ့ကျင့်ရေးမှူး ဦးသိန်းဆွေ၊ ကစားသမားများအဖြစ် ပြည်ထဲရေးမှ ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ရဲရင့်ထွန်း၊ ဝင်းထွန်းဦး၊ ပိုင်သ၊ နေလင်းအောင်၊ အောင်မြတ်ထွန်း၊ ကျော်ကျော်ထွေး၊ ကျော်ဆွေ(ကာကွယ်ရေး)၊ စိုင်းညီလေး(လဝက)တို့ လိုက်ပါသွားကြသည်။

ယှဉ်ပြိုင်မည်

မြန်မာအသင်းမှာ အုပ်စု(က)တွင် ပါဝင်ပြီး စက်တင်ဘာ ၂၆ရက်က အိမ်ရှင်ဖိလစ်ပိုင်၊ ၂၇ရက် (ယနေ့)တွင် တရုတ်(တိုင်ပေ)၊ ၂၉ရက်တွင် ပါကစ္စတန်၊ ၃၀ရက်တွင် ကာဇက်စတန်တို့နှင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် တောင်တွင်းကြီး-ဆူးကောက်စမ်းကျေးရွာလမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကျော်မင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အမြင့်ဆိုင်ရာ ဒီဇိုင်းပညာရပ်များ သင်ကြားပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၆

Interior Designer,Graphic Designer,Fashion Designer, Jewellary Designer,Landscape Designer,Advertising Designer စသော မြန်မာပြည်၏ စီးပွားရေးဈေးကွက်တွင် Designer ဖြစ်လိုသူများအတွက် နိုင်ငံတကာဒီဇိုင်းတက္ကသိုလ်၊ ကောလိပ်များမှ သင်ရိုးညွှန်းတမ်းများအတိုင်း အမြင့်ဆိုင်ရာ ဒီဇိုင်းပညာရပ်ကို သင်ကြားပေးလျက်ရှိသည့်အပြင် အဆောက်အအုံဒီဇိုင်းပုံစံထုတ် ဗိသုကာနှင့် အင်ဂျင်နီယာများအတွက် AutoCad for Building Design နှင့် 3D Rendering and Animation for Building and Interior သင်တန်းများကိုပါ သင်ကြားပေးမည်ဖြစ်ရာ အမှတ် ၇၆/၁ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၀၂၅၆နှင့် ၃၈၀၃၂၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့်ရပ်ကွက်များအတွင်းရှိ ကုန်စုံဆိုင်နှင့်စတိုးဆိုင်များတွင် ကြက်ဥအတု၊ ဆိုးဆေးပါ စားသောက်ကုန်များ၊ တားမြစ်ထားသည့် စားသုံးဆီများ ရောင်းဝယ်မှုမရှိစေရေးကို မြို့နယ်အတွင်းရေးမှူး ဒေါ်တင်မေအိ၊ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဒေါက်တာ ဦးဝင်းဌေးဦးနှင့်တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ
ထုခွဲရောင်းချရေးဆပ်ကော်မတီ
ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ပြင်ဆင်ဖတ်ရှုပါရန်

၁။ ၁၂-၈-၂၀၀၉ ရက်နေ့ထုတ် မြန်မာ့အလင်း စာမျက်နှာ(၁၆)နှင့် ကြေးမုံစာမျက်နှာ (၁၅)။ ၁၄-၈-၂၀၀၉ ရက်နေ့ထုတ် မြန်မာ့အလင်း စာမျက်နှာ(၁၆)နှင့် ကြေးမုံစာမျက်နှာ (၁၅) တင်ဒါကြော်ငြာတွင် အောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုပါရန်-

သတင်းစာ အမှတ်စဉ်	သတင်းစာပါတည်နေရာ	ပြင်ဆင်ချက်
၁	ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာရိပ်မွန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၆၂/၆၃/၆၅)ရှိ မြေနှင့်(၂)ထပ်တိုက် (၁၄၀×၈၀)	ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာရိပ်မွန်အိမ်ရာ၊ (၁၂)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၆၂/၆၃)ရှိ မြေနှင့်(၂)ထပ်တိုက် (၁၄၀×၈၀)
၂	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ကျိုက်ဝိုင်းဘုရားလမ်း အမှတ်(၆၅)ရှိ မြေနှင့်(၂)ထပ်တိုက် (၈၀×၈၀)	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ အမှတ်(အေ-၁၀)မြေနှင့်(၂)ထပ်တိုက် (၈၀×၈၀)
၃	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မ(၆)လမ်း၊ (၃)ရပ်ကွက်၊ ခြံအမှတ်(လော့-၄)ရှိမြေနှင့် (၂)ထပ်တိုက် (၂၂၀×၂၈၀)	ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ(၆)လမ်း၊ ခြံအမှတ်(၄)ရှိ မြေနှင့်(၂)ထပ်တိုက် (၆၀×၉၀)
၅	ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံပါရမီ ရပ်ကွက်၊ ကန်သာယာလမ်းသွယ်(၂)၊ အမှတ်(၄)ရှိ မြေနှင့်(၂)ထပ်တိုက် (၆၀×၉၀)	ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံပါရမီ ရပ်ကွက်၊ကန်သာယာလမ်းသွယ်(၃)၊ အမှတ်(၄)ရှိ မြေနှင့်(၂)ထပ်တိုက် (၆၀×၉၀)
၁၆	ရန်ကုန်မြို့၊ အမှတ်၊ ၁၇ဘီ၊ မေခလမ်း၊ မရမ်းကုန်းရှိ မြေနှင့် အဆောက်အအုံ (၀.၀၁)ဧက	ရန်ကုန်မြို့၊ အမှတ်(၁၇-ဘီ)၊ မေခလမ်း၊ မရမ်းကုန်းရှိမြေနှင့်အဆောက်အအုံ (၈၀×၁၀၀)
၂၅	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက် အမှတ်(၀-၉)ရှိ မြေနှင့်(၂)ထပ်တိုက် (၀.၄၄၁) ဧက	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက် သာယာဝတီမင်းကြီးလမ်း (၆၅×၆၆)လမ်းကြား၊ အကွက်အမှတ်(၀.၉)ရှိ မြေနှင့်(၂)ထပ်တိုက် (၈၀×၁၂၀)
၂၆	မန္တလေးမြို့၊ (၆၄)လမ်းနှင့် ၄၀၊လမ်းထောင့်အကွက် အမှတ်(တ-၁)ရှိ မြေနှင့်(၁)ထပ်ခွဲတိုက် (၁၀၀×၁၀၀)	မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ (၆၄)လမ်းနှင့် ၄၀၊လမ်းထောင့်အကွက် အမှတ် (တ-၁/၃၇)ရှိ မြေနှင့်(၁)ထပ်တိုက် (၆၀×၈၀)
၂၇	မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၉လမ်း (၃၄×၃၅)ကြားရှိ မြေနှင့် (၂)ထပ်ခွဲတိုက် ၀.၀၃၁ဧက	မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ ၈၉လမ်း၊ (၃၄×၃၅)လမ်းကြားရှိ အကွက်အမှတ်၃၀၀၊ မြေနှင့် (၂)ထပ်တိုက် (၅၀×၆၀)
၂၈	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ လမ်းသွယ်၈၊ အကွက်(ယ-၂)ရှိ မြေနှင့် ဂိုဒေါင်၊ ၀.၁၆၅ဧက	မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်းနှင့်မြို့ရိုးလမ်းကြား၊ လမ်းသွယ်၈၊ အကွက်(ယ-၂)၊ အမှတ်၇၈၊၇၉၊၈၀ရှိ မြေနှင့်ဂိုဒေါင် (၁၂၀×၆၀)
၃၀	တောင်တွင်းကြီးမြို့၊ အတွင်းစည်းခုံလမ်း၊ ဦးပိုင်၃၁၈ရှိ မြေနှင့်အဆောက်အအုံ (၄၀×၆၀)	တောင်တွင်းကြီးမြို့၊ အတွင်းစည်းခုံလမ်း၊ အကွက် အမှတ်၆၊ ဦးပိုင်အမှတ်၃၁၈ရှိမြေနှင့်အဆောက်အအုံ (၆၂×၆၆)
၃၁	ပြင်ဦးလွင်မြို့၊ ရပ်ကွက်၅၊ အမှတ်၃၁(စီ)ရှိ မြေနှင့် (၁)ထပ်ခွဲတိုက် ၁.၆ဧက	ပြင်ဦးလွင်မြို့၊ ရပ်ကွက်(၅)၊ ဦးပိုင်အမှတ်၃၁(စီ)၊ အကွက်အမှတ် အာရ်အေ-၅၊ မြေကွက်အမှတ် ၁၃-အေ၊ ၂၇၂ရှိ မြေနှင့် (၁)ထပ်ခွဲတိုက်၊ ၀.၉၄၅ ဧက
၃၄	ဦးပိုင်(၁၀၊၄၅)ကန်ရေကျေးရွာ၊မင်းဘူးရှိအဆောက်အအုံ ၀.၀၄ဧက	ဦးပိုင်(၁၀/၄၅)၊ ကွင်းအမှတ်၁၃၂၉၊ ကန်ရေကျေးရွာ၊ မင်းဘူးရှိ မြေနှင့်အဆောက်အအုံ (၆၀×၆၀)၊ ၀.၀၈၂ဧက
၃၅	အမှတ် ၁၊၂၀၂၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ၊ ၀.၄၈၉ဧက	အမှတ်၁/၂၀၂၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ ၁.၄၈၉ဧက
၃၆	အမှတ်၁၊၂၀၃၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ၊ ၀.၁၁၂ဧက	အမှတ် ၁/၂၀၃၊ ၁၃လမ်း၊ ဆန်ဆိုင်း(က)ရပ်၊ တာချီလိတ်ရှိ အဆောက်အအုံ ၀.၅၈၂ဧက

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော တံတားလည်ပတ်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ်၃၀ရက်က တာဝန်ခံအင်ဂျင်နီယာမှူး ဦးကျုံးလျန်ဖွိုင်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စိုးစိုးယုက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းဂျာနယ်

အမှတ်(၅၂၅) ထွက်ပြီ

နီလာ အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်း မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဝါတွင်းကာလ ကုသိုလ်ပြု အထူးအစီအစဉ်

၁၁ ညအိပ် ၁၂ ရက်-ဗုဒ္ဓဂယာ-သံဝေဇနီယလေးဌာန(ဖွား-ပွင့်-ဟော-စံ) ကိုးသိန်း စရိတ်ငြိမ်း(အိန္ဒိယလေကြောင်းလိုင်း)

၁၀လပိုင်း (၅)၊ (၁၉)ရက်၊ (၁၁)လပိုင်း(၂)၊ (၁၆)၊ (၃၀)ရက်၊ (၁၂)လပိုင်း (၁၄)၊ (၂၈)ရက်၊(၁)လပိုင်း (၁၁)၊ (၂၅)ရက်၊(၂)လပိုင်း(၈)၊ (၂၂)ရက်၊(၃)လပိုင်း(၈)၊ (၂၂)ရက်၊(၄)လပိုင်း(၅)၊(၁၉)ရက်တွင် ထွက်ခွာမည့် (၁၂)ရက်ခရီးစဉ်ကို (၁-၉-၂၀၀၉)ရက်မှ (၃၀-၉-၂၀၀၉)ရက်အတွင်း လာရောက်စာရင်းပေးသွင်းသူများအား နိုင်ငံကူးလက်မှတ်ရှိပြီးသူ တစ်ဦးလျှင် ကျပ်ငါးသောင်းတိတိနှင့် နိုင်ငံကူးလက်မှတ်မရှိသေးသူများကို ပြုလုပ်ပေးပြီး ကျပ်သုံးသောင်းတိတိ လျှော့ပေးမည်ဖြစ်ပါသည်။ ၁၆ဦး စုစည်းပြီး လာရောက်စာရင်းပေးသွင်းပါက တစ်ဦးကို အခမဲ့ ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

၁၇ ညအိပ် ၁၈ ရက်-သံဝေဇနီယလေးဌာန-အဝိဇဟိတလေးဌာန-နယူးဒေလီ (3 Stars Hotel)-(တပ်ချုပ်မဟာ-ဝင်ကြေး)-ကိုလ်ကတ္တား ကျပ် ၁၀သိန်း၅သောင်း စရိတ်ငြိမ်း (အိန္ဒိယလေကြောင်းလိုင်း)

၃၀-၁၀-၂၀၀၉ရက်တွင် လိုက်ပါမည့် ဘုရားဖူးများအား တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို မြေမြတ်မဟာ ဗုဒ္ဓဂယာတွင် ကျင်းပပေးပြီး ကံစမ်းမဲများလည်းထူးထူးခြားခြား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ စားစရိတ်-တည်းခိုစရိတ်- Passport-Visa-Air Ticket-မိတ္တူ-စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ပါသည်။ မည်သည့်အကြောင်းနှင့်မျှ ပြည်တွင်းပြည်ပတွင် ငွေကြေးထပ်မံကောက်ခံခြင်း မရှိကြောင်း အာမခံပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့် နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေတစ်သိန်းသာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ **ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ (လုံး၀)မဆုံးရှုံးပါ။**

ထွက်ခွာမည့်ရက် - အောက်တိုဘာလတွင် **(၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။**
နိုဝင်ဘာလတွင် **(၆)ရက်၊ (၁၃)ရက်၊ (၂၀)ရက်၊ ၂၇ရက်/ဒီဇင်ဘာလတွင် (၄)ရက်၊ (၁၁)ရက်၊ (၁၈)ရက်၊ (၂၅)ရက်။**
ဇန်နဝါရီလတွင် **(၈)ရက်၊ (၁၅)ရက်၊ (၂၂)ရက်၊ (၂၉)ရက်/ဖေဖော်ဝါရီလတွင် (၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်။**
မတ်လတွင် **(၅)ရက်၊ (၁၂)ရက်၊ (၁၉)ရက်၊ (၂၆)ရက်/ဧပြီလတွင် (၂)ရက်၊ (၉)ရက်၊ (၁၆)ရက်၊ (၂၃)ရက်၊ (၃၀)ရက်။**

အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၀၉-၉၉-၇၃၃၉၅၊ ၀၉-၈၆-၁၂၀၀၃။

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၃၀-၁-၂၀၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြား နှိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ (၁)ဒေါက်တာလွင်လွင်စိုး ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၅၀၃၉၀၄၊ (၂)ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ (၃)ဦးအုန်းမြင့် ကျောင်းအုပ်ကြီး(ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ (၄)ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး(သင်ရိုး) (DEPT) ဖုန်း-၅၅၇၃၀၉၊ (၅)ဦးအေးကြိုင် ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေးရေး) ဦးစီး-၁ ဖုန်း-၅၅၇၆၄၃၊ ၀၉-၈၅-၀၀၄၇၉၊ (၆) ဦးကျော်ဝင်းမြင့် လ/ထညွှန်ကြားရေးမှူး ဦးစီး-၃ ဖုန်း-၂၁၂၉၆၉၊ EX-၂၀၃၊ (၇)ဒေါ်ကြူကြူရွှေ ဦးစီးအရာရှိ ဦးစီး-၃ ဖုန်း-၅၅၄၉၆၄ (အိမ်)၊ ဦးရှိန်းလိန်းအောင် မြို့နယ်ပညာရေးမှူး သဃ်န်းကျွန်းမြို့နယ် ဖုန်း-၅၆၄၂၃၁၊ (၉)ဒေါ်ခင်စန်းမြင့် ကျောင်းအုပ်ကြီး အထက-၂၊ တာမွေ ဖုန်း-၅၄၂၃၁၇၊ (၁၀)ဒေါ်ခင်သန်းထွေး အထပြ(ငြိမ်း) ဖုန်း-၂၉၃၃၆၃။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

၂၀၀၉ခုနှစ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ၂၃ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ငါးနှစ်ဆက်တိုက် ပထမရရှိသော ရွှေကုက္ကိုမြိုင်အသင်းအား ဆုနှင့်ငွေသား ကျပ်သုံးသိန်းချီးမြှင့်ပေးအပ်ရာ အသင်းနည်းပြဆရာ ဦးသိန်းဇော်ဦးက လက်ခံယူစဉ်။ (၁၀၁)

ခင်ပွန်းအဖြစ် မသက်ဆိုင်ပါကြောင်း

ကျွန်မဒေါ်ခင်သန်းရီ ၁/ကမန (နိုင်)၀၂၂၉၂၂၏ ခင်ပွန်းဖြစ်သူ ဦးသောင်းဝေဦး (ခ)ဦးမောင်မောင် ၁/ကမန(နိုင်)၀၀၈၇၇၇ သည် အိမ်ထောင်ရေးတွင် လုံးဝခွင့်မလွှတ်နိုင်သော ကိစ္စရပ်များ ကျူးလွန်ခဲ့သည့်အပြင် မိသားစုအပေါ် စောင့်ရှောက်မှုမရှိသည်မှာ ခြောက်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ ကျွန်မနှင့် မသက်ဆိုင်ပါကြောင်း။

ဒေါ်ခင်သန်းရီ
ဆွမ်ပရာကုန်းရပ်ကွက်
အမှတ် ၁/၂၂၃၊ ဆိပ်မူရွာ။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ဖွင့်ပွဲ

နေပြည်တော် စက်တင်ဘာ ၂၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် စက်တင်ဘာ ၁၈ရက်တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(မန္တလေးတိုင်း)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း(မန္တလေးတိုင်း)တို့၏အသင်းနှစ်ပတ်လည်အထိမ်းအမှတ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြပွဲကို မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာန)၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၆

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာန) ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁-၂၆၆၆၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁-၃၀၅၁၄၊ ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀-၅၀၄၉၃၊ ဦးလှသိန်း ဖုန်း-၀၉-၅၁-၉၂၉၇၅၊ ဦးမြဦး ဖုန်း-၀၉-၅၀-၃၁၅၃၈နှင့် ဦးမြင့်မောင် ဖုန်း-၀၉-၅၁-၃၄၆၅၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တစ်ခါတုန်းက ဗာဂျီးနီးယားမှာ . . . .

မြင့်မောင်စိုး - စုစည်းတင်ပြသည်

နိုင်ငံတကာမှုခင်း

တစ်ခုသော တောနက်တစ်နေရာသို့ အရောက်တွင် ပန်းပေါင်းစုံရနံ့ကြောင့် အလွန်မွှေးကြိုင်သောရနံ့များ ပျံ့လွင့်နေသည်။ ကျေးငှက်သာရကာများလည်း တွန်ကျူးနေသည်။ ထိုအချိန်တွင် အမျိုးသမီးငယ်တစ်ဦး ကိုယ်ရောင်ပြ၍ ဝါးရုံတောတစ်ခုအတွင်း ပြေးဝင်သွားသည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့ဝင်များသည်လည်း ဝါးရုံတောရှိရာဆီသို့ ဦးတည် ချဉ်းကပ်သွားသည်။ ဝါးရုံတော၏ အဝေးတစ်နေရာတွင် တိုယိုတာ နက်ပြာရောင်ကားတစ်စီးကို အမှတ်မထင် တွေ့လိုက်ရသည်။ ထိုကား၏ အပြင်ဘက်တွင် မိန်းကလေးတစ်ဦး လဲကျနေသည်။

မှတ်တမ်းတင်

ရဲတပ်ဖွဲ့ဝင်များ ကားရှိရာဆီသို့ ကျည်အပြည့်ထည့်ထားသော သေနတ်များ ကိုယ်စီဖြင့် ဆက်လက်ချဉ်းကပ်သွားခဲ့သည်။ ကားဘေးတွင် လဲကျသေဆုံးနေသူမှာ ချားစ်ဖြစ်နေသည်ကို တွေ့ရသည်။ ကားအတွင်းရှိသူမှာ ၎င်း၏ချစ်သူ မက်ဇာ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ နှစ်ဦးစလုံး သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက တရားခံ၏ လှုပ်ရှားမှုအခြေအနေများကို အကဲခတ်လိုက်သည်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ နောက်ဆုံး ရဲတပ်ဖွဲ့ဝင်များက သေမှုသေခင်းနှင့် ပတ်သက်၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပြီး သဲလွန်စရှာရန် မှတ်တမ်းတင်လိုက်ကြသည်။



အမေရိကန်နိုင်ငံ ဗာဂျီးနီးယား နည်းပညာတက္ကသိုလ်မှ ဘာသာရေးကိုင်းရှိုင်းကြသော ချစ်သူစုံတွဲ တစ်နေ့တည်း၊ တစ်နေရာတည်း၊ တစ်ချိန်တည်း အသတ်ခံခဲ့ရသည့် ဖြစ်ရပ်မှန်မှုခင်းမှာ အံ့ဩစရာကောင်းသကဲ့သို့ လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတစ်ပုဒ်သဖွယ်လည်း ဖြစ်နေပေသည်။

ထိုချစ်သူစုံတွဲမှာ **(အပေါ်ပုံ)** ယောက်ျားလေးနာမည်က ဒေးဗစ်လီမက်ဇာဖြစ်ပြီး အသက် ၁၉နှစ်သာရှိသေးသည်။ မိန်းကလေးမှာ အသက် ၁၈နှစ်သာရှိပြီး သူ့နာမည်က ဟီဒီလင်းချားစ်ဟုခေါ်သည်။ သူတို့ချစ်သူနှစ်ဦးသည် ရုပ်ရည်အလွန်ချောမောကြသည်ဟု မဆိုနိုင်သော်လည်း အသင့်အတင့်ချောမောကြပြီး လိုက်ဖက်ညီလှသော ချစ်သူစုံတွဲပင်ဖြစ်ပါ၏။

ချစ်သူဘဝရောက်

ဗာဂျီးနီးယား တက္ကသိုလ်တွင် မက်ဇာက စက်မှုအဓိက ဘာသာယူထားပြီး သူ့ချစ်သူချားစ်က ဇီဝဓာတုဗေဒ အဓိကဘာသာယူထားကြသည်။ သူတို့နှစ်ဦးသည် မကြာသေးသည့်နှစ်များက ရင်းနှီးကျွမ်းဝင်ရာမှ ချစ်သူဘဝရောက်ခဲ့ကြသည်။ ယင်းတို့နှစ်ဦးသည် တက္ကသိုလ်တွင် လူသိများသောအတွဲ ဖြစ်ရုံမက ဘုရားကျောင်းသွားသည့်အခါ အတူတူသွားလေ့ရှိခြင်းကြောင့် ဘာသာတရားကိုင်းရှိုင်းသော စုံတွဲအဖြစ်လည်း လူသိများကြသည်။ ထို့အပြင် သူတို့နှစ်ဦးသည် တက္ကသိုလ်တွင် စာတော်ကြရုံမက အားကစား၌လည်း ထူးချွန်ကြ၏။ မက်ဇာက ဘောလုံးအကန် ကောင်းသူဖြစ်၍ ချားစ်ကလည်း အပြေးချန်ပီယံ တစ်ဦးဖြစ်သည်။

စုံစမ်းရှာဖွေ

တစ်နေ့ သူတို့နှစ်ဦး နေအိမ်များသို့ ပြန်မလာကြ၍ မိဘများက တက္ကသိုလ်သို့ လိုက်ရှာကြသည်။ မတွေ့ခဲ့သည့်အဆုံး ဗာဂျီးနီးယားရဲစခန်းသို့ အကြောင်းကြားခဲ့ရသည်။ ဗာဂျီးနီးယားရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် တက္ကသိုလ်ဝန်းကျင်နှင့် မြို့အနှံ့ လိုက်လံရှာဖွေ စုံစမ်းထောက်လှမ်းခဲ့ကြသည်။ သို့သော် ၎င်းစုံတွဲအား ရှာမတွေ့ပြီ။ စုံစမ်းရှာဖွေရန် တစ်နေရာသာကျန်တော့သည်။ ထိုနေရာသည်ကား ဗာဂျီးနီးယားတက္ကသိုလ်မှ ၁၅မိုင်အကွာ ဂျက်ဖာဆင် အမျိုးသားဥယျာဉ်ဖြစ်သည်။ ယင်းဥယျာဉ်သည် သဘာဝပေါက်ပင်များ ထူထပ်စွာ ပေါက်ရောက်နေသော သစ်တောကြိုးဝိုင်းကြီးပင်ဖြစ်သည်။ ၎င်းတောကြီးအတွင်း တောရိုင်းတိရစ္ဆာန်များ ပေါများသကဲ့သို့ ပန်းပေါင်းစုံတို့လည်း ဖူးပွင့်ရာသစ်တောကြီးလည်း ဖြစ်သည်။

တောနင်းရှာဖွေ

ထိုတောကြီးမှာ ဗာဂျီးနီးယား တက္ကသိုလ်နှင့် အလှမ်း ဝေးသော်လည်း တက္ကသိုလ် ကျောင်းသား ကျောင်းသူများ သွားရောက် အပန်းဖြေလေ့ရှိကြသည်။ အများစုမှာ ချစ်သူစုံတွဲများဖြစ်ကြသည်။ ထို့ကြောင့်ပင် ရဲတပ်ဖွဲ့ဝင်များက ထိုတောကြီးအတွင်း တောနင်းရှာဖွေရန် ဆုံးဖြတ်ခဲ့ကြသည်။

တောနင်း

၎င်းသို့ဖြင့် ဒုရဲအုပ်ဘရိုင်ယံရိုက် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဂျက်ဖာဆင်တောကြီးအတွင်း တောနင်းရှာဖွေလေတော့၏။

စည်းတစ်ဖက်ခြား

မည်သို့ပင်ဖြစ်စေ ဒေးဗစ်လီမက်ဇာနှင့် ဟီဒီလင်းချားစ်တို့သည် တမလွန်ဘဝသို့ ကူးပြောင်းခဲ့ပြီဖြစ်၍ သူတို့ပျော်ခဲ့သော ဗာဂျီးနီးယားတက္ကသိုလ်မှ နေရာများသည်ကား အထီးကျန် လွမ်းမောဖွယ်ရာ နေရာများအဖြစ်သာ ကျန်ရစ်နေလေတော့သည်။ သူတို့ချစ်သော သူငယ်ချင်းများ၊ မိဘဆွေမျိုးများနှင့် ဝေးကွာခဲ့ပြီဖြစ်သည်။ မမျှော်လင့်ဘဲ စည်းတစ်ဖက်ခြားသွားလေပြီ။

ဘဝအသိ

၎င်းဖြစ်ရပ်မှန် မှုခင်းသတင်းကို ဖတ်ရှုခြင်းအားဖြင့် အသွားမတော် တစ်လှမ်း အစားမတော်တစ်လုပ်ဆိုသော စကားကဲ့သို့ မသွားသင့်သောအရပ်သို့ သွားရောက်ခြင်းကြောင့် အဖြစ်ဆိုးနှင့်ကြုံရသောဖြစ်ရပ်၊ ယနေ့ခေတ်လူငယ်များ အသွားအလာ သတိထားဆင်ခြင်သင့်ပုံ ဘဝအသိ၊ ဘဝသင်ခန်းစာများ ရရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အသွားမတော်တစ်လှမ်း အစားမတော် တစ်လုပ် ဆိုသော စကားကဲ့သို့ မသွားသင့်သော အရပ်သို့ သွားရောက်ခြင်းကြောင့် အဖြစ်ဆိုးနှင့် ကြုံရသော ဖြစ်ရပ်၊ ယနေ့ခေတ် လူငယ်များ အသွားအလာ သတိထား ဆင်ခြင်သင့်ပုံ ဘဝအသိ၊ ဘဝသင်ခန်း စာများရရှိစေမည်။

ဘဝဒဿန

Imagination is the beginning of creation.
You imagine what you desine; you will what you imagine; and at last create what you will.

စိတ်ကူးယဉ်မှုသည် တီထွင်ကြံဆခြင်း၏အစဖြစ်သည်။ ပထမဆုံး သင်ဆန္ဒရှိသောအရာကို စိတ်ကူးကြည့်ရသည်။ သင့်စိတ်ကူးထဲမှအရာကို သင်ဆန္ဒရှိသည့်အရာဖြစ်လာစေရန် သင်တီထွင်ကြံဆလုပ်ကိုင်ရပေမည်။ (ဘားနက်ရှော)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊တင်မာဝင်း၊ အေးသန္တာသိန်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

❖ မောင်မောင်မြင့်ဆွေ စုစည်းဖော်ပြသည် ❖

ကမ္ဘာ့အရှည်ဆုံးသခွားသီး

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့အနီး ပီတက်ကစ်ဗာ စိုက်ပျိုးခြံအတွင်းမှ ထွက်ရှိသော သခွားသီးတစ်လုံးမှာ အရှည် ၄၆ဒသမ ၅လက်မရှိကြောင်း၊ မည်သည့်ဓာတုဆေးဝါးနှင့် ဓာတ်မြေသြဇာများ သုံးစွဲထားခြင်းမရှိကြောင်း သိရသည်။ ယင်းသခွားသီးမှာ ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသခွားသီးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ စက်တင်ဘာ၂၂ရက်က ဖော်ပြခံရသည်။

(အပေါ်ပုံ)(အင်တာနက်)

ကမ္ဘာ့အကြီးဆုံးဂေါ်ဖီထုပ်

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် ပါမာမြို့အနီး စိုက်ခင်းတစ်ခင်းမှ ထွက်ရှိသော ဂေါ်ဖီထုပ်ကြီးတစ်ထုပ်သည် အလေးချိန် ၁၂၅ဒသမ ၉ပေါင်ရှိပြီး အမြင့်ငါးပေခန့်ရှိသည်။ ဂေါ်ဖီထုပ်၏ထိပ်ပိုင်းအကျယ်မှာ ၂၁လက်မရှိရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ဂေါ်ဖီထုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ စက်တင်ဘာ၂၂ရက်က ဖော်ပြခံရသည်။ (အပေါ်ပုံ) (အင်တာနက်)

ကမ္ဘာ့အကြီးဆုံးအာလူး

လက်ဘနွန်နိုင်ငံ တိုင်ရီမြို့အနီး ယာခင်းတစ်ခင်းမှထွက်ရှိသော အာလူးတစ်လုံးမှာ အလေးချိန် ၂၄ဒသမ ၉ပေါင်ရှိကြောင်း၊ ကလေးငယ်တစ်ဦး၏ ခန္ဓာကိုယ်အရွယ်အစားထက်ကြီးမားကြောင်း သိရသည်။ ယင်းယာခင်းကို လက်ဘနွန်တောင်သူကြီး ဆမ်ဟတ်အမည်ရှိ အမျိုးသားကြီးက စိုက်ပျိုးခြင်းဖြစ်ပြီး သူ၏ယာခင်းမှ ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ အလွန်ကြီးမားသော အာလူး ထွက်ရှိခြင်းဖြစ်သည်။ ၎င်းအာလူးကြီးကို ကမ္ဘာပေါ်၌ အကြီးဆုံးအာလူးအဖြစ် စက်တင်ဘာ၂၂ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ) *(အင်တာနက်)*

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး နယ်တရားမရုံး၌
၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၃၇၂

Golden Livestock Co.,Ltd. (၎င်းကုမ္ပဏီ၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းချိုလှိုင်ခမ်း) နှင့် ၁။ Kaung Sew Set Trading Co.,Ltd.
၂။ ဦးသန်းထွန်းဦး (Executive Director) Kaung Sew Set Trading Co.,Ltd.
၃။ ဒေါ်ယဉ်ယဉ်ချို (Director) Kaung Sew Set Trading Co.,Ltd. တိုက်အမှတ်၁၄၊ အခန်း၁၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။

တရားလို **တရားပြိုင်များ**

တရားပြိုင်(၁၊၂၊၃)(ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၅၇၃၀၀၀၀ နှင့် နစ်နာကြေးငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် စက်တင်ဘာ ၂၈ရက် (၁၃၇၁ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်)မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး။

ဖခင်အမည်မှန်

နောင်ချိုမြို့၊ အထကတက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသည့် မနိုင်ချိုချိုချစ်၏ ဖခင်အမည်မှန်မှာ ဦးကြည်မြင့် ဖြစ်ပါကြောင်း။

ဦးကြည်မြင့်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗဟိုရ်လမ်း၊ အိမ်အမှတ် (၄၁) ဦးစိန်ဝင်းဗိုလ်-ဒေါ်စန်းစန်းလှိုင်တို့၏သား ၁၂/တမန(နိုင်)၁၁၁၅၇၆ ကိုင်ဆောင်သူ မောင်ချစ်မင်းထူးသည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

အုပ်ထိန်းသူ
ဦးစိန်ဝင်းဗိုလ် ၁၂/တမန(နိုင်)၀၈၄၁၈၅၊
ဒေါ်စန်းစန်းလှိုင် ၁၂/တမန(နိုင်)၀၃၁၉၃၈။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၆

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာလာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မသီတာဝင်း ၁၂/အစန(နိုင်)၁၇၅၆၂၇ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝ(လုံးဝ) တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဒေါ်စန်းစန်းနိုင်
၁၂/အစန(နိုင်)၀၇၀၈၁၇၊
ဦးမျိုးဝင်း N/၀၅၆၈၅၃၊
၇/၈၃၊ တညင်းကုန်း၊
(အင်းစိန်မြောက်ပိုင်း)။

တိုက်နှင့်ခြံရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊
ပေ ၈၀× ၉၃ ပေ ပတ်လည်ဝင်းခြံ၊
နှစ်ထပ်တိုက်၊ လူနေရန်အသင့်၊
ရေမီးစုံ၊ မီတာနှစ်လုံးပါ၊
Aircon (၄) လုံးပါ၊ အဝီစိတွင်းပါ။
ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဆက်သွယ်ရန်-ဖုန်း-၅၄၃၃၉၃ (ရုံးချိန်)၊
ဖုန်း-၀၉-၅၁၂-၈၂၉၈။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

မြစ်သား စက်တင်ဘာ ၁၀

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြစ်သားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၁၂ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။(ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်တို့ စက်တင်ဘာ ၁၄ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးရာ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု မြှင့်တင်ရေးသင်တန်း ခင်ဦး၌ဖွင့်

ခင်ဦး စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့ပြည်သူ့ဆေးရုံခန်းမ၌ စက်တင်ဘာ၉ရက် နံနက် ၁၀နာရီက ကျင်းပသော ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း လွှမ်းခြုံမှုမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ခင်ဦးမြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်မြမြအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ခင်ဦးမြို့နယ်အတွင်းရှိ ကျန်းမာရေးမှူးများနှင့်အရန်သားဖွားဆရာမများ တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်ပို့ချကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ ဆက်)***

ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် စက်တင်ဘာ ၁၅

တာချီလိတ်မြို့ ပညာဒီပ ပညာရေးထာဝရ ငွေပဒေသာပင်စိုက်ထူရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စတုံကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ဦးဘိုလေး-ဒေါ်မေရီ (နယ်ခြားကော်မတီ)မိသားစု၊ ဦးရစ်ချဒ်-ဒေါ်နန်းပီးယာရီ (ပွင့်သစ်စထွန်းခရီးသွားလုပ်ငန်း)၊ ဦးမောင်အုန်း-ဒေါ်နန်းခမ်းပင်းမိသားစု၊ ဒေါ်မီဒေးမိသားစုတို့က ပညာရေးပဒေသာပင်ငွေကျပ်တစ်သိန်းစီစိုက်ထူလှူဒါန်းသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဦးလှစိုး၊ ပညာဒီပအဖွဲ့ဝင် ဦးတင်ဝင်းနှင့်အလှူရှင်များက ကျောင်းသားကျောင်းသူ ၁၂၁ဦးအတွက် ငွေကျပ်လေးသိန်းခွဲတန်ဖိုးရှိ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းသားကျောင်းသူတစ်ဦးချင်းအား ပေးအပ်လှူဒါန်းသည်။ **(အောက်ဝဲပုံ)**

လှူဒါန်းမည်

ပညာဒီပ ပညာရေးထာဝရရန်ပုံငွေအဖွဲ့အား ၂၀၀၄ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ စေတနာရှင်များမှငွေကျပ်၂၅သိန်းကို မြန်မာ့စီးပွားရေးဘဏ်တွင် စနစ်တကျအပ်နှံပြီး နှစ်စဉ်ရရှိသော အတိုးငွေဖြင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများအား ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ကျောင်းသားကျောင်းသူ တစ်ဦးချင်းထံ ပေးအပ်လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပါဝင် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဦးတင်ဝင်း (အေးချမ်းပြည့်သောက်ရေသန့်) ဖုန်း-၀၈၄-၅၁၄၀၄၊ ဦးအောင်ဖြိုးရှိန် (မြို့နယ် သတင်းထောက်) ဖုန်း-၀၉-၅၂၄-၀၂၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၁၆)**

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့မဈေးအတွင်း သားငါး၊ ဟင်းသီးဟင်းရွက်ရောင်းချသော ဈေးဆိုင်တန်းများတွင် ဩဂုတ် ၂၂ရက်က အနံ့အသက်ဆိုး ပျောက်ဆေးများ ပက်ဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် ဈေးခေါင်း ဦးကျော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်း၌ လုပ်ငန်းခွင်ရက်တိုသင်တန်းဖွင့်

ညောင်တုန်း စက်တင်ဘာ ၂၂

ညောင်တုန်းမြို့နယ်ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းခွင်ရက်တိုသင်တန်းကို ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ စက်တင်ဘာ၁၇ရက်က ဖွင့်လှစ်ပို့ချသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းခွင်ရက်တိုသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၀၁ဦး တက်ရောက်ကြသည်။

အမှာစကား

ညောင်တုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီးသင်တန်းပို့ချသည်။ **(အောက်ပုံ)** အဆိုပါ သင်တန်းတွင် မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ဇင်နှင့် တာဝန်ရှိသူများက သင်တန်းကို ဆက်လက်ပို့ချကြောင်း သိရသည်။

(၁၅၂)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ပေ ၁၈၀နှင့် အထက် အစင်း ၂၃၀ မြောက်
မင်းတုန်းချောင်းတံတား(ရေနံ့သာ)ဖွင့်ပွဲ မကွေးတိုင်း၌ ကျင်းပ

နိုင်ငံတစ်ဝန်း လမ်းကွန်ရက်များမှတစ်ဆင့် ဒေသအနှံ့သို့ ထွက်ကုန်များ ပိုမိုတင်ပို့နိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာလမ်း (မြောက်ပိုင်း) သရက်-နတ်မီးတောက်-ကံမလမ်းအပိုင်း မိုင်တိုင်အမှတ် (၂၀/၀) ရှိ မင်းတုန်းချောင်းတံတား(ရေနံ့သာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ *စာမျက်နှာ ၉ ကော်လံ ၁* ●

မြန်မာ့အလင်း
သတင်းဆောင်းပါးအညွှန်း

ဝင်းရွှေ၏ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနေသည့် နည်းပညာ တက္ကသိုလ်(ဘားအံ) သတင်းဆောင်းပါး စာမျက်နှာ (၈) တွင် ဖတ်ရှုနိုင်ပါသည်။

မင်းတုန်းချောင်းတံတား(ရေနံ့သာ)ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)